# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 February 2023 ၁၁၀၂၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပစဉ်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့





ကြေးမုံ

# ပြည်သူအများ လူမှုဘဝဖွံ့ဖြိုးရေး ဦးစားပေးကြိုးပမ်း

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသဖြင့် စီးပွားရေးကဏ္ဍတွင် လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသည်။ ဆန်စပါးထုတ်ကုန်သည် မြန်မာနိုင်ငံအတွက် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ ယခုရက်ပိုင်း၌ ဆန်ဈေးနှုန်း အတက်ဘက်သို့ ရောက်လာသည်။ မိုးစပါး၊ နွေစပါး ပေါ်ဦးပေါ်စတွင် ဆန်ဈေးနှုန်း အတက်ဘက်တွင် ဖြစ်လေ့ရှိသော်လည်း ယခုဆန်ဈေးနှုန်းမှာ ယခင်ကာလတူထက် ပိုမိုမြင့်တက်လျက်ရှိသဖြင့် အခြေခံပြည်သူများ နစ်နာမှုမဖြစ်စေရန် အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် ရောင်းလိုအားများပြီး ဝယ်လိုအားနည်းလျှင် ဈေးနှုန်းကျလေ့ရှိပြီး အပြန်အလှန်အားဖြင့် ရောင်းလိုအားနည်းပြီး ဝယ်လိုအားများနေလျှင် ဈေးနှုန်းတက်လေ့ရှိသည်။ ထို့ကြောင့် ဝယ်လိုအား၊ ရောင်းလိုအား သဟဇာတဖြစ်ရေး၊ ကုန်စည်စီးဆင်းမှုချောမွေ့ရေးကို အလေးထားဆောင်ရွက်ကြရသည်။ ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြသည်။ အထူးသဖြင့် အခြေခံစားသောက်ကုန်များ ပြတ်လပ်မှုမရှိအောင် အထူးသတိပြုရသည်။ လက်ရှိကာလသည် စပါးပေါ်ချိန်ဖြစ်သကဲ့သို့ အစိုဓာတ်လည်း နည်းပါးသောအချိန်ဖြစ်သောကြောင့် ဆန်သိုလှောင်မှုများပြုလုပ်ကြသည်။ ထိုအခါ ဈေးကွက်တွင် ပြတ်လပ်သည့်သဘောဖြစ်၍ ဈေးနှုန်းတက်သည့်အကြောင်းဖြစ်လာသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ဆန်စပါးကို အဓိကစိုက်ပျိုးထုတ်လုပ်နိုင်ကာ အခြားသီးနှံများနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်နိုင်သဖြင့် စားရေရိက္ခာဖူလုံသောနိုင်ငံဖြစ်သည်။ ပြီးခဲ့သည့်နှစ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် စီးပွားရေးတွင် ကျပ်တည်းမှုများနှင့် ကုန်ဈေးနှုန်းမြင့်မားမှုများရှိသော်လည်း စားရေရိက္ခာများမှာ ပြတ်လပ်မှုမရှိပေ။ နိုင်ငံတော်အစိုးရအနေဖြင့် လူနည်းစုအကျိုးစီးပွားထက် လူများစုဖြစ်သည့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံများသည် နှစ်စဉ်လူဦးရေတိုးတက်လျက်ရှိရာ စားရေရိက္ခာဝယ်လိုအားမှာ အမြဲမြင့်မားလျက်ရှိသဖြင့် ရောင်းလိုအားများ မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိသည်။ ပန်းတိုင်ရည်မှန်းချက်မှာ တစ်ဧကလျှင် တင်း ၁၀၀ ဖြစ်သော်လည်း ယခုအခါ ပျမ်းမျှအားဖြင့် တစ်နိုင်ငံလုံးတွင် တစ်ဧက ၇၅ တင်းသာထွက်ရှိသည်။ ထို့ကြောင့် စပါးတစ်ဧကလျှင် စပါး ငါးတင်း ပိုမိုထွက်ရှိအောင် စိုက်ပျိုးနိုင်မည်ဆိုလျှင် စပါးတင်းပေါင်း ၇၅ သန်း ပိုမိုထွက်ရှိမည်ဖြစ်၍ စပါးစိုက်တောင်သူများအတွက် ဝယ်လိုအားတက်လာမည်ဖြစ်ပြီး တိုင်းပြည်အတွက်လည်း ဝင်ငွေပိုမိုရရှိမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားလာခြင်းမှအစ ရောင်းလိုအား ဝယ်လိုအား သဟဇာတဖြစ်ပြီး ဒေသတွင်းငွေကြေးလည်ပတ်စီးဆင်းမှု ကောင်းမွန်လာမည်ဖြစ်သည်။ ရာသီအလိုက် ဆန်စပါးများ အလျဉ်မပြတ်ထုတ်လုပ်နိုင်သဖြင့် ဆန်ဈေးနှုန်းများလည်း တည်ငြိမ်လာပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း အဆင်ပြေလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စားရေရိက္ခာဖူလုံသည့်နိုင်ငံဖြစ်သော်လည်း အဓိကကျသည့် ဆန်စားသောက်ကုန် လည်ပတ်ဖူလုံမှု လိုအပ်ချက်များရှိနေသေးသောကြောင့် ဈေးနှုန်းမြင့်မားခြင်းအကြောင်းရှိနေသည်။ အချို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆန်စပါးဝမ်းစာသည် ဖူလုံမှုထက်ကျော်လွန်နေသော်လည်း အချို့ဒေသများတွင် ဖူလုံမှုမရှိသေးဟုသိရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆန်ဖူလုံမှုမှာ ၁၄၂ ရာခိုင်နှုန်းရှိသည်။ ဆန်ဖူလုံမှုသည် သဟဇာတမဖြစ်သဖြင့် ဈေးနှုန်းမတည်ငြိမ်မှုဖြစ်လာသည်။ ဆန်ဖူလုံမှုမရှိသောဒေသများတွင် တစ်ဧကချင်းအလိုက် အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်ပြီး ဆန်ဈေးနှုန်းကွာဟမှုလည်း နည်းပါးလာမည်ဖြစ်သည်။ ဒေသတွင်း၌ ဆန်စပါးကို ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက စားရေရိက္ခာဖူလုံပိုလျှံပြီး ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ကာ စီးပွားရေးမြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)တွင် “၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံ့စီးပွားရေးအကျပ်အတည်းများရှိခဲ့ကြောင်း၊ သို့သော် ကုန်ဈေးနှုန်းကြီးမြင့်မှုမှလွဲ၍ စားသောက်ကုန်များ ပြတ်လပ်မှုမရှိခဲ့ကြောင်း၊ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှုကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လူနည်းစု၏ အကျိုးစီးပွားကို အားပေးခြင်းမဟုတ်ဘဲ လူများစုဖြစ်သည့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း” ပြောကြားထားချက်နှင့်အညီ ပြည်သူလူထု၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဖေဖော်ဝါရီ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ် ဓမ္မဝိဟာရကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဒေးဒရဲမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ စတင်ထုတ်ပေး

ဒေးဒရဲ ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ မတ် ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို မြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနတွင် ယမန်နေ့မွန်းလွဲပိုင်းမှ စတင်၍ထုတ်ပေးလျက်ရှိသည်။



ဒေးဒရဲမြို့နယ်တွင် အထက(၁)၊ အထက(ကျုံဒါး)၊ အထက(တော်ကမယ်) နှင့် အထက(နောက်ပြန်တိုး)စသည့် အခြေခံပညာ အထက်တန်းကျောင်းလေးကျောင်းကို စာစစ်ဌာနများအဖြစ် အသုံးပြုသွားမည်ဖြစ်ပြီး တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ကျောင်းတွင်းဖြေဆိုသူ ၁၅၈ ဦးနှင့် ပြင်ပဖြေဆိုသူ ၃၈၇ ဦး စုစုပေါင်း ၅၄၅ ဦး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၇


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် (၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်) စနေနေ့]

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ ဘုရား-

ဆရာတော်အရှင်မြတ်တို့သည် မိမိတို့၏ ကျန်းမာရေး၊ ကျင့်ကြံရေး စသော ကိုယ်ရေးကိုယ်တာ ကိစ္စ၊ ကျောင်းတိုက်ကိစ္စ စသည်တို့အတွက် ငဲ့ကွက်ခြင်းမရှိဘဲ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်း ကြီး၏ ပင်မလုပ်ငန်းများဖြစ်သည့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုကာ ကာယစိတ္တနှစ်ဝအညီ သာမဂ္ဂီပေး၍ ကြွရောက် တော်မူလာကြသောကြောင့် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

၁၃၄၂ ခုနှစ်၊ နယုန်လ၊ ၁၉၈၀ ပြည့်နှစ်၊ မေလ တွင် ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်မှုရရှိခဲ့ သဖြင့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးကြီးကို ကျင်းပနိုင်ခဲ့ပါသည်။ ယင်းအစည်း အဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း နှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ထိုအစည်း အဝေးကြီး၏ အကျိုးဆက်အနေဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို အခြေခံစည်းမျဉ်းလုပ်ထုံး လုပ်နည်းများနှင့်အညီ ဖွဲ့စည်းနိုင်ခဲ့၍ သာသနာ တော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက် ရာတွင် **"သံဃာ့ကိစ္စ သံဃာဆောင်ရွက်"** ဟူသော မူကိုလည်း ချမှတ်နိုင်ခဲ့ပါသည်ဘုရား။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ဩဝါဒါစရိယ အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ရပ်/ကျေးသံဃနာယက အဖွဲ့များ၊ နိုင်ငံတော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် ဝိနည်းဓိုရ်အဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက် နိုင်ခဲ့ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဟူသော ဦးတည်ချက်ဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြသည်မှာ ပထမသက်တမ်းမှသည် အဋ္ဌမသက်တမ်း လက်ထက် သို့ပင် ဝင်ရောက်လာပြီဖြစ်၍ နှစ်ပရိစ္ဆေဒအားဖြင့် ၄၂ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့ အစည်း၏ သက်တမ်းသတ်မှတ်ရာ၌ ပထမအကြိမ်မှ တတိယအကြိမ်အထိ ငါးနှစ်သက်တမ်းသတ်မှတ် ခဲ့ပြီး စတုတ္ထအကြိမ်မှစ၍ ခြောက်နှစ်သက်တမ်း သတ်မှတ်ခဲ့ပါသည်။ သံဃနာယက ဆရာတော် တစ်ပါးသည် သံဃာ့အဖွဲ့အစည်း သက်တမ်းအကြိမ် အားဖြင့် ခြောက်နှစ် နှစ်ကြိမ် ဆောင်ရွက်ခွင့်ရှိသဖြင့် ၁၂ နှစ် သက်တမ်းထမ်းဆောင်ခွင့်ရှိပါသည်။ ၂၅% (ရာခိုင်နှုန်း)မူအရ သုံးနှစ် တစ်ကြိမ် ၄ ချိုး ၁ ချိုး အနားယူ အစားထိုးပြုလုပ်စဉ်ကလည်း ၁၂ နှစ် သက်တမ်းရှိခဲ့ပါသည်။

ဤသို့ သံဃနာယကအဖွဲ့အဆင့်ဆင့်တို့ အားသစ်လောင်းတာဝန်ယူခဲ့ကြရာ ၂၀၂၂ ခုနှစ်တွင် လည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အနားယူ အစားထိုးခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရ ပါသည်ဘုရား။

ထိုသို့ ဆောင်ရွက်ကြရာ၌ ရှေးရှေးဒီဃဒဿီ ဆရာတော်ကြီးများ ရေးဆွဲပြဋ္ဌာန်းခဲ့သောမူကို



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူစဉ်။

အခြေခံလျက် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညှိနှိုင်းရေးဆွဲခဲ့သော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနားယူအစားထိုး ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အတိုင်း အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်ဘုရား။ အစားထိုးရွေးချယ်ရာတွင်လည်း သံဃာ့အဖွဲ့အစည်း ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးဖြစ်သည့် ဝိနိစ္ဆယ ရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စအဖြာဖြာ ကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြ သည့် ဗျတ္တ၊ ပဋိဗလပုဂ္ဂိုလ်များဖြင့် အစားထိုးနိုင် ခဲ့ကြသည်ဟု ယုံကြည်ပါသည်ဘုရား။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံကြသည့် သံဃ နာယကဆရာတော်တို့သည် အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံ သည့် ဘုရားရှင်၏ သာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ကြမည်ဟု ယုံကြည်လျက် အားတက် ရပါသည်ဘုရား။

**ဆရာတော် အရှင်မြတ်တို့ ဘုရား-**

အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဥပေါသထ သုတ်တော်၌ ဘုရားရှင်က သာသနာတော်၏ အံ့ဖွယ် တော်ရှစ်ဖြာကို မဟာသမုဒ္ဒရာ၏ အံ့ဖွယ်ရှစ်ဖြာနှင့် ပမာထားကာ နှီးနှောဟောကြားတော်မူခဲ့ပါသည် ဘုရား။ အံ့ဖွယ်ရှစ်ဖြာကို **"အစဉ်နက်ဝှမ်း၊ ကမ်းကို မလွန်၊ ရွံ့ဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊ မယွင်း မတိုး၊ ငန်မျိုးရသာ၊ များရတနာနှင့်၊ ကြီးသူနေရာ၊ ဤရှစ်ဖြာသည်၊ မဟာသမုဒ္ဒရာအံ့ဖွယ်တည်း"** ဟူသောလင်္ကာဖြင့် အကျဉ်းမှတ်သားနိုင်ပါသည် ဘုရား။

**"အစဉ်နက်ဝှမ်း"** ဟူသည် မဟာသမုဒ္ဒရာ၏ ရေပြင်မှာ ကမ်းမှစ၍ တဖြည်းဖြည်း နက်ရှိုင်းသွား ရသည်။ ကမ်းအစ၌ နက်ရှိုင်းရိုးမရှိ။ ဘုရားရှင် ၏ သာသနာတော်တွင်လည်း မဂ်ဖိုလ်နိဗ္ဗာန် ရောက်အောင် ကျင့်ကြံသူသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာတို့ကို အစဉ်အတိုင်းသာ ကျင့်ကြံရသည်။ တစ်ခါတည်း အရဟတ္တဖိုလ်သို့ တက်လှမ်းနိုင်မည် မဟုတ်ပါ။

**"ကမ်းကို မလွန်"** ဟူရာ၌ မဟာသမုဒ္ဒရာရှိ ရေတို့သည် ကမ်းကို မလွန်မူ၍ တည်ရှိသကဲ့သို့ ဘုရားရှင်၏ တပည့်သား ဘိက္ခု၊ ဘိက္ခုနီတို့သည် ဘုရားရှင် ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်တို့ကို ကျူးလွန်ခြင်းမပြုကြကုန်။

**"ရွံ့ဖွယ် ဆယ်ပစ်"** ဟူသည် မဟာသမုဒ္ဒရာ အတွင်း ရွံ့ရှာဖွယ် သူသေအလောင်းတို့ကို သမုဒ္ဒရာ သည် ကြာရှည်စွာလက်မခံ၊ ကမ်းပေါ်သို့ အလျင် အမြန်ပြန်ပို့သည့် နည်းတူ ဗုဒ္ဓသာသနာတော်ဝယ် သီလမရှိ၊ ယုတ်မာသော အကျင့်ရှိသူ၊ ရဟန်း မဟုတ်သူတို့ကို သီလဝန္တရဟန်းတို့က အာမိသ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂအဖြစ် ပေါင်းသင်းဆက်ဆံခြင်း မပြု၊ အလျင်အမြန် ဖယ်ရှားသုတ်သင်နှင့်ထုတ်ပစ်၏။

**"တစ်မည်ဖြစ်ခြင်း"** ဟူသည် ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ ဤမည်သော မြစ်ကြီး ငါးသွယ်တို့သည် မဟာသမုဒ္ဒရာသို့ စီးဝင်ပြီးသော အခါ မိမိတို့မူရင်းမြစ်အမည်တို့ ကင်းပျောက်ကာ မဟာသမုဒ္ဒရာဟူသော အမည်တစ်မျိုးကိုသာ ခံယူ ကြရ၏။ ထိုနည်းတူစွာ မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲဟူသော အမျိုးလေးပါးတို့သည် ဘုရားရှင် ၏ ဗြဟ္မစရိယ သာသနာတော်သို့ ရှင်ရဟန်းအဖြစ် ဝင်ရောက်ကြပါက မိမိတို့၏ မူလအမျိုးအနွယ်အမည် တို့ ကွယ်ပျောက်ကြကာ သာကီဝင်မျိုးရိုး ဘုရား သားတော် ရဟန်းများအမည်ကိုသာ ခံယူကြရပါ သည်။

**"မယွင်းမတိုး"** ဟူရာ၌ ကမ္ဘာမြေအရပ်မျက်နှာ အသီးသီးမှ မြစ်များသည် သမုဒ္ဒရာသို့ စီးဆင်းကြ၏။ ကောင်းကင်အရပ်မှ မိုးရေအလျဉ်များရွာချ၏။ ထိုစီးဝင်သော ရေ၊ ရွာချသောမိုးရေတို့ကြောင့် မဟာ သမုဒ္ဒရာအတွက် ရေများနည်းပါးယုတ်လျော့သွား ခြင်း၊ ရေများတိုးပွားလာခြင်းများမဖြစ်ပေ။ ထိုကဲ့သို့ ပင် ဘုရားရှင်၏ တပည့်သာဝက အဆက်ဆက်တို့ သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရ၍ ပရိနိဗ္ဗာန်ပြု ကြသော်လည်း အငြိမ်းဓာတ် နိဗ္ဗာနသုခအရပ်၌ ယုတ်လျော့သွားသည်၊ တိုးပွားလာသည်ဟု ထင်မှတ် နိုင်ခြင်းမရှိပါ။

**"ငန်မျိုးရသာ"** ဟူသည် ကျယ်ပြောလှသည့် မဟာသမုဒ္ဒရာအတွင်း အငန်ဓာတ်ဆားအရသာတစ်ခု တည်းရှိသကဲ့သို့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့ဖြင့် အကျယ်တဝင့် မိန့်ကြားတော်မူ ခဲ့သော ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည် လည်း သံသရာဝဋ်မှ ထွက်မြောက်ခြင်းရသတစ်ခု သာရှိသည်ဟု ဆိုလိုပါသည်ဘုရား။

**"များရတနာ"** ဟူသည် မဟာသမုဒ္ဒရာ၌ ပုလဲ၊ ပတ္တမြားစသော ရတနာ ၁၀ ပါး ကိန်းဝပ်သကဲ့သို့ ဘုရားရှင်သာသနာတော်တွင်လည်း သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါးစသော မြောက်မြားလှစွာသော ရတနာတို့ရှိကြပါသည် ဘုရား။

**"ကြီးသူနေရာ"** ဟူရာ၌ မဟာသမုဒ္ဒရာသည် ယူဇနာတစ်ရာ့နှစ်ဆယ် စသည့် ပမာဏရှိသော တိမိ၊ တိမိင်္ဂလစသော သတ္တဝါကြီးတို့၏ စံပျော်ရာ နေရာဖြစ်သကဲ့သို့ ဘုရားရှင်၏ သာသနာတော်သည် လည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်များ၊ ထိုပုဂ္ဂိုလ်များဖြစ်ရန် ကျင့်ကြံနေကြ သော ပုဂ္ဂိုလ်များသာ မွေ့လျော်နိုင်သည့်နေရာ ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

ဘုရားတပည့်တော် လျှောက်ထားလိုသည် မှာ အံ့ဖွယ်တော်ရှစ်ဖြာနှင့် ပြည့်စုံတော်မူသည့် သာသနာတော်မြတ်ကြီးကို အစဉ်တစိုက် ထိန်းသိမ်း ကြရမည်မှာ ဘုရားရှင်၏ တပည့်သာဝကများ၏ တာဝန်သာဖြစ်ပါသည်ဘုရား။ တတိယအံ့ဖွယ် ဖြစ်သည့် ဒုဿီလ အညစ်အကြေးများကို သာသနာ တော်အတွင်းမှ ဖယ်ရှားရှင်းလင်းနိုင်ရန် သာသနာ တော်အတွက် စွမ်းစွမ်းတမံ တာဝန်ယူဆောင်ရွက် ကြမည့် ဗျတ္တပဋိဗလနှင့် ပြည့်စုံသည့် သံဃနာယက ဆရာတော်များ များစွာလိုအပ်ပါသည်ဘုရား။ စတုတ္ထအံ့ဖွယ်ဖြစ်သည့် မည်သည့်အမျိုးအနွယ်က ရဟန်းပြုခဲ့သည်ဖြစ်စေ၊ သာကီမျိုး သာကီနွယ် ဘုရားသားတော် ရဟန်းတော်ဟုသာ အမည်ခံရမည် ဖြစ်ရာ ဘုရားတပည့်တော်တို့ ခေတ်တွင်မူ တိုင်းဒေသကြီး/ ပြည်နယ်များမှဖြစ်စေ၊ သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်းတွင် တရားဝင်ခွင့်ပြု ထားသည့် သံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းမှဖြစ်စေ၊ တိုင်းအလိုက်၊ ဂိုဏ်းအလိုက် မခွဲခြားမူ၍ အယူဝါဒ တူမျှသော ဘုရားသားတော် ရဟန်းတော်များအဖြစ် ညီတော် နောင်တော်များ တော်စပ်ကြသည်ဖြစ်ရာ သမဂ္ဂသမ္မောဒမာန ဖြစ်ကြပြီး သာသနာတော်ကြီးကို ထိန်းသိမ်းကြရမည်ဖြစ်ပါသည် ဘုရား။

ဆဋ္ဌအံ့ဖွယ်ဖြစ်သည့် ဘုရားရှင်၏ ဒေသနာ တော်များသည် ဝေနေယျဇ္ဈာသယ၊ ပုဂ္ဂလဇ္ဈာသယ အားလျော်စွာ မည်သို့ပင်အကျယ် ဟောကြားထား သော်လည်း တစ်ခုတည်းသောရသမှာ ဝိမုတ္တိ ရသသာဖြစ်ပါသည်။ ဘုရားသားတော် ညီတော် နောင်တော်များဖြစ်ကြသော တပည့်တော်တို့အနေ ဖြင့် အံ့ဖွယ်တော်ရှစ်ဖြာနှင့်ပြည့်စုံသည့် သာသနာ တော်မြတ်ကြီးကို အရှည်ခန့် တည်တံ့စေရေး ကာကွယ်စောင့်ရှောက်ကြရမည့် အရေးအကြီးဆုံး တာဝန်တစ်ရပ်မှာ ယင်းဝိမုတ္တိရသကို ရရှိရန် အားထုတ်နိုင်ရေးပင်ဖြစ်ပါသည် ဘုရား။

သို့ဖြစ်၍ သံဃနာယကအဖွဲ့ဝင်အရှင်မြတ်တို့ အနေဖြင့် အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံသော ဘုရားရှင် ၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ညီညီညွတ်ညွတ် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ကြပါစေ ကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။ မြတ်ဗုဒ္ဓ ၏ အံ့ဖွယ်တော်ရှစ်ဖြာ သာသနာတော်လာအင်္ဂါရပ် တို့ကို ဆင်ခြင်ပွားများ နှလုံးထားကာ ဝိမုတ္တိရသဆီ ကိုယ်တိုင်လည်း ဆိုက်ရောက်အောင် တပည့် သာဝက ဒါယကာ ဒါယိကာမတို့ကိုလည်း ဆိုက်ရောက် စေနိုင်အောင် ကိုယ်တိုင်လည်း အားထုတ်၊ တပည့် အပေါင်းတို့ကိုလည်း အားထုတ်ရန် တိုက်တွန်းပေး တော်မူကြပါဟု လျှောက်ထားလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ် အပ်ပါသည် အရှင်မြတ်တို့ဘုရား။




ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

✪ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

**ဖတ်ကြားလျှောက်ထား**

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်



ပြည်ထောင်စုဝန်ကြီး ဦးကိုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နဝကမ္မအလှူတော်ငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေးပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဖခင် ဦးမောင်မောင်၊ မိခင် ဒေါ်ခင်ခင်ကြီးတို့အား ရည်စူး၍ သမီး(သဒ္ဓမ္မဇောတိကဓဇ)ဒေါ်ပြုံးဝေသီနှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း)၊ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားဩဝါဒခံယူ၍ နဝကမ္မအလှူတော်ငွေ ကျပ်သိန်း ၃၀ ကို လှူဒါန်းခဲ့သည်။ **သတင်းစဉ်**

# တံတားဦးမြို့နယ်၌ ကျောင်းဝတ်စုံများ ချီးမြှင့်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးများလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၅**

တံတားဦးမြို့နယ် အတွင်းမှ ၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ အခြေခံပညာကျောင်းများမှ ဆရာဆရာမများအား ကျောင်းဝတ်စုံများ ပေးအပ်ချီးမြှင့်ခြင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးများ ပေးအပ်ခြင်း အခမ်းအနားကို တံတားဦးမြို့နယ်ခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တံတားဦးမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၈၄ ဦးအား ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အခြေခံပညာကျောင်းများရှိ ဆရာ ဆရာမ ၉၀၆ ဦးအတွက် ကျောင်းဝတ်စုံ ၉၀၆ စုံကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို မိသားစုက လှူဒါန်းသည့် ပညာသင်ကြားချိန်သွားလာရာ၌ အမှန်တကယ် လိုအပ်နေသည့် ကျောင်းသား ကျောင်းသူ ၁၀၀ အတွက် စက်ဘီးအစီးရေ ၁၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **သတင်းစဉ်**

# ချောင်းသာမြို့၌ သန့်ရှင်းသာယာရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ချောင်းသာ ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့သည် ခရီးသွားဧည့်သည်ဝင်ရောက်မှုများပြားသည့် မြို့ဖြစ်သည့်အားလျော်စွာ မြို့အဆင့်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာသောမြို့ ဖြစ်ပေါ်လာစေရေးအတွက် ယနေ့နံနက် ၇ နာရီတွင် ဌာနဆိုင်ရာနှင့်ပြည်သူပူးပေါင်းပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်မှုဖြင့် မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်လှမိုးနှင့် မြို့အဆင့်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများက ကျေးရွာ/ရပ်ကွက်များရှိ သတ်မှတ်စုရပ်များမှ စတင်ကာ အုပ်စုများခွဲပြီး တစ်ပြိုင်နက်တည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်နှင့် ကျေးရွာလမ်းမကြီးများ၊ လမ်းသွယ်များ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် အထင်ကရနေရာများတွင် ပေါက်ရောက်နေသည့် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ၊ ပလတ်စတစ်များနှင့် လမ်းဘေးရေနုတ်မြောင်းများရှိ အမှိုက်များအား ဆယ်ယူသိမ်းဆည်းခြင်း၊ သိမ်းဆည်းပြီးသည့် အမှိုက်ခြောက်များအား မီးရှို့ခြင်း၊ အမှိုက်စိုနှင့်ပလတ်စတစ်အမှိုက်များအား မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ချောင်းသာ(ပြန်/ဆက်)

# ကင်းတား ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းဆောင်ရွက်မှု ၉၀ ဒသမ ၈ ရာခိုင်နှုန်း ပြီးစီး



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ကင်းတား ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံစီမံကိန်း၊ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၉၃) အနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေ ကံကောင်းဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်သားမြို့နယ် ကင်းတား ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့် ကုမ္ပဏီတာဝန်ရှိသူတို့က နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အားစမ်းသပ်ပို့လွှတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကင်းတားနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျီတိုင်ကျေးရွာအနီးရှိ မြေဧရိယာ ၁၃၂ ဒသမ ၃၅ ဧကပေါ်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အားမှာ ၃၀ မဂ္ဂါဝပ်ဖြစ်ကာ လက်ရှိအချိန်တွင် ၁၉ မဂ္ဂါဝပ်ခန့် စမ်းသပ်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက ထွက်ရှိလာမည့် ဓာတ်အားများကို ၁၃၂ ကေဗွီ ကင်းတား-အင်းကုန်း ဓာတ်အားလိုင်းဖြင့် ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးသွားမည်ဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၉၀ ဒသမ ၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကင်းတားဘက်စုံသုံး ရေလှောင်တမံသို့ရောက်ရှိပြီး ရှင်းလင်းဆောင်ခန်းမ၌ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာက ကင်းတားရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ရေလှောင်တမံ၏ နှစ်စဉ်ရေသိုလှောင်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေဝင်ရောက်နိုင်မှုနှင့် ရေပေးဝေမှုအပေါ်မူတည်၍ ဓာတ်အားပေးစက်များ မောင်းနှင်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် တမံ၏ကြံ့ခိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်များ မောင်းနှင်နေမှုနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားချိတ်ဆက် ပို့လွှတ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပန်းလောင်မြစ်ပေါ်တွင်တည်ရှိပြီး ရေလှောင်တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ကာ စက်တပ်ဆင်အင်အားမှာ ၂၈ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက် နှစ်လုံးဖြင့် စုစုပေါင်း ၅၆ မဂ္ဂါဝပ်ထွက်ရှိကာ ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မှုမှာ ၁၆၅ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ပြီး ထွက်ရှိလာမည့် ဓာတ်အားများအား ၁၃၂ ကေဗွီ ကင်းတား-သာစည် ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ ကင်းတား-အင်းကုန်း ဓာတ်အားလိုင်းတို့ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၉၃) အနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေ ကံကောင်းဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လိုအပ်သည်များ မှာကြားကာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများ ရောက်ရှိနေရာချထားမှု၊ Hybrid Gas Insulated Switchgear (HGIS) စတင်တပ်ဆင်နေမှု အခြေအနေများ၊ Shunt Reactor တပ်ဆင်နေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခု ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းဖြစ်ပြီး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၃ ဒသမ ၁၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက မှော်ဘီနှင့် လှည်းကူးမြို့နယ်အတွင်းရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် မှော်ဘီမြို့နယ် ဆပ်သွားတော-ညောင်နှစ်ပင်လမ်းမှ ညောင်နှစ်ပင်ကျေးရွာနှင့် ကြာကန်စုကျေးရွာချင်းဆက် ချောင်းကူးတံတား တည်ဆောက်မည့်လုပ်ငန်းခွင်ကိုလည်းကောင်း၊ အထူးဇုန်ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဟင်းသီးဟင်းရွက် လက်ကားဈေး တည်ဆောက်ထားရှိမှု၊ ဘူး၊ ဖရုံနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇုန်(၂)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဇုန် (၁၊၂၊ ၃) တို့မှ ဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်နေသည့်မြေကွက်များ၊ လုပ်ငန်း ဆောင်ရွက်ခြင်းမရှိသည့်မြေကွက်များ၊ ဇုန်အတွင်း လမ်းညွှန်ချက်အရ ဆောင်ရွက်နေရသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးချုပ်က ညောင်နှစ်ပင်ဇုန်အတွင်း မြေအလွတ်မထားဘဲ ဝင်ငွေရလမ်း ပိုမိုတိုးတက်ရရှိစေရန် ခြံပိုင်ရှင်များအား ရာသီအလိုက်သီးနှံများ စိုက်ပျိုးကြရေး တွန်းအားပေးဆောင်ရွက်ကြရန်၊ ညောင်နှစ်ပင်ဇုန်ကြီးအား ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေး၊ မွေးမြူရေးဖြစ်ထွန်းနေသော ဇုန်အဖြစ် ဖော်ဆောင်သွားမည်ဖြစ်၍ တာဝန်ရှိသူများ ပူးပေါင်း၍ လုပ်ငန်းများကိုကဏ္ဍအလိုက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇုန်(၂) ရှိ EAST WEST SEED MYANMAR Co., Ltd. ၏မျိုးစေ့ထုတ် လုပ်ငန်းခွင်ကိုကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ C 12 လမ်းကွန်ကရစ်ခင်းပြီးစီးမှု လုပ်ငန်းခွင်ကိုလည်းကောင်း၊ လမ်းအထူးအဖွဲ့(၁၄)က ခရိုင်ချင်းဆက် အမှတ်(၁) လမ်းမှ ညောင်နှစ်ပင် ညီလာခံခန်းမဆောင်သို့ အရှည်ပေ ၁၃၀၀၊ အကျယ် ၄၈ ပေ ကွန်ကရစ်ခင်းခြင်း၊ အဝင်မုခ်ဦးဆောင်ရွက်နေသည့်လုပ်ငန်းခွင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြရာ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးရေးကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးဌာန၏ ဆိတ်မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**




# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ်(၆) သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး)ရှိ ကုန်သွယ်မှုသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင်၊ ဦးစီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက ပြည်တွင်း ပြည်ပ ကုန်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ပိုင်းဆိုင်ရာ လုပ်ငန်းအကြောင်းအရာများကို မိမိတို့လုပ်ငန်းနယ်ပယ်တွင် ပြန်လည်အသုံးချခြင်းဖြင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းသားသင်တန်းသူများကို အောင်လက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိမိစိတ်ကို ဗဟိုပြု၍ ......

မောင်မောင်လင်း (သံအမတ်ကြီး)

မြတ်ဗုဒ္ဓရဲ့တရားတော်ဟာ စိတ်ကိုဗဟိုပြုတဲ့ ဘာသာတရား Mind Centered Religion ဖြစ်ပါတယ်။ အသိစိတ်ကိုဗဟိုပြုပြီး ကောင်းတာတွေကိုသာ ရွေးချယ်လုပ်ကိုင်စေရေးဖြစ်ပါတယ်။ အနှစ်ချုပ်က "အကုသိုလ်မှန်သမျှမဖြစ်အောင် ရှောင်ရှားရန်နဲ့ ကုသိုလ်မှန်သမျှပြည့်စုံအောင် လုပ်ကြရန်" ဖြစ်လို့ ပြောမှု၊ လုပ်ကိုင်မှုတို့ကို ဦးဆောင်နေတဲ့စိတ်ကို ဆင်ခြင်ထိန်းသိမ်းနိုင်ရမှာဖြစ်ပါတယ်။

**နေ့တိုင်းဆင်ခြင်စိတ်ကိုပြင်**

ဒါကြောင့် လူတစ်ဦးချင်းအနေနဲ့ သူများရဲ့စိတ်ကို မသိချင်နေပါစေ၊ ကိုယ့်စိတ်ကိုယ်တော့သိအောင်၊ လိမ္မာကျွမ်းကျင်အောင် နေ့စဉ်နေ့တိုင်း၊ အချိန်ရရင် ရတိုင်း မိမိစိတ်ကိုမိမိ စဉ်းစားဆင်ခြင်မှု ပြုလုပ်ခြင်းမျိုးဟာ အပြစ်ကင်းသောတရားဖြစ်ပြီး ကုသိုလ်ကောင်းကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ သတိနဲ့ အသိဉာဏ်ပေါင်းစပ်ပြီး မိမိကိုယ်ကိုယ်မိမိ ဆင်ခြင်ပေးနေရမှာဖြစ်ကြောင်း ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ "နေ့တိုင်းဆင်ခြင် စိတ်ကိုပြင်" ဆိုတဲ့ တရားတော်မှာ နာယူမှတ်သားခဲ့ရပါတယ်။

ဆင်ခြင်သုံးသပ်ဖို့ အချက်(၁၀)ချက်ရှိပြီး အကောင်းနဲ့အဆိုး နှစ်မျိုးရှိတာနဲ့အညီ စုစုပေါင်း အချက် ၂၀ ဖြစ်သွားမှာဖြစ်ပါတယ်-

(၁) မိမိဟာ လောဘကြီးသူဖြစ်နေသလား။ (ဒီနေရာမှာ အပြစ်ကင်းတဲ့လောဘလို့ ပြောနိုင်တဲ့ မိမိပိုင်တဲ့ပစ္စည်းဥစ္စာအပေါ် တွယ်တာမိခြင်းမျိုးကပင် ဘဝအဆုံးမှာ နိမ့်ကျသွားနိုင်ပါတယ်။)

(၂) မိမိဟာ လူ၊ ပစ္စည်းတစ်ခုခုအပေါ် မကျေနပ်နေမှု၊ အကြောင်းအရာတစ်ရပ်ရပ်အပေါ် မကျေမချမ်းဖြစ်နေသလား။

(၃) ကုသိုလ်ကောင်းမှုပြုလုပ်ဖို့ စိတ်အားတက်ကြွမှုမရှိဖြစ်နေသလား။

(၄) စိတ်ကိုစုစည်းထားလို့မရဘဲ စိတ်လေလွင့်နေသလား။

(၅) ဘာသာတရားနဲ့ စပ်လျဉ်းပြီး ဒွိဟသံသယစိတ်ဖြစ်ပေါ်နေသလား။

(၆) ထစ်ခနဲဆို စိတ်တိုတတ်သလား။

(၇) စိတ်ပူပန်မှုကြောင့် ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲသလိုဖြစ်နေသလား။

(၈) ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းမှု၊ အေးချမ်းမှုမရှိဖြစ်နေသလား။

(၉) ပျင်းရိ၊ ဖင့်နွဲ၊ တွန့်ဆုတ်ကာ ဝီရိယနည်းပါးနေသလား။

(၁၀) အာရုံစုစည်းမှုမရ၊ တည်ငြိမ်မှုမရှိဖြစ်နေပြီး သမာဓိအားနည်းနေသလား။

အဲဒီအချက်တွေအပေါ် သေချာစွာ ဆင်ခြင်သုံးသပ်ပြီး မကောင်းတဲ့စိတ်တွေဖြစ်ပေါ်နေရင် ကောင်းတဲ့စိတ်ဖြစ်သွားအောင် မိမိကိုယ်တိုင်က ပြောင်းလဲပေးရမှာဖြစ်ပါတယ်။ အရာရာကို သတိကပ်ပြီး အသိနဲ့ယှဉ်ကာ ပြောဆိုပြုမူနေထိုင်သွားပါက ကုသိုလ်တရားတိုးပွားကာ နေ့စဉ်လူနေမှုဘဝမှာ ကိုယ်တိုင်အတွက်ရော လူလူချင်းပုံမှန်ဆက်ဆံပြောဆိုရာမှာပါ များစွာအကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။ ဒီလိုစဉ်းစားဆင်ခြင်ရာမှာ လုံးဝကုံလုံပြည့်စုံစွာပြုလုပ်နိုင်ဖို့ Bounded Rationality လို့ခေါ်တဲ့ ဆင်ခြင်တုံတရားအပေါ် ပိတ်ဆို့စေနိုင်တဲ့ အချက်လေးချက်ရှိတာကို သိရှိထားရမှာဖြစ်ပါတယ်။

**ကိစ္စရပ်အကြောင်းအရာအပေါ်**
**ပြည့်စုံစွာ ဆင်ခြင်နိုင်မှာဖြစ်**

လူတွေဟာ ကိစ္စတစ်ရပ်အပေါ် ဆင်ခြင်စဉ်းစားရာမှာ သတိ (Attention) ထားရှိရမယ်။ မှတ်သားထားရှိနိုင်မှု (Memory) လည်းကောင်းမွန်ရမယ်။ ပြီးပြည့်စုံသွားအောင်သိရှိထားမှု (Comprehensive) လည်း လိုအပ်မှာဖြစ်ပြီး နောက်ဆုံး Communication လို့ခေါ်တဲ့ မိမိကိုယ်ကိုအသိပေးနိုင်မှုရှိမှသာ ကိစ္စရပ်အကြောင်းအရာအပေါ် ပြည့်စုံစွာ ဆင်ခြင်နိုင်မှာဖြစ်ပါကြောင်း လေ့လာသင်ယူခဲ့ရပါတယ်။

"လူတစ်ဦးချင်းအနေနဲ့ သူများရဲ့စိတ်ကို မသိချင်နေပါစေ၊ ကိုယ့်စိတ်ကိုယ်တော့ သိအောင်၊ လိမ္မာကျွမ်းကျင်အောင် နေ့စဉ်နေ့တိုင်း၊ အချိန်ရရင် ရတိုင်း မိမိစိတ်ကိုမိမိ စဉ်းစားဆင်ခြင်မှုပြုလုပ်ခြင်းမျိုးဟာ အပြစ်ကင်းသောတရားဖြစ်ပြီး ကုသိုလ်ကောင်းကျိုး ဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ သတိနဲ့အသိဉာဏ်ပေါင်းစပ်ပြီး မိမိကိုယ်ကိုမိမိ ဆင်ခြင်ပေးနေရမှာဖြစ်ကြောင်း ပါမောက္ခဆရာတော်ကြီးရဲ့ "နေ့တိုင်းဆင်ခြင်စိတ်ကိုပြင်" ဆိုတဲ့တရားတော်မှာ နာယူမှတ်သားခဲ့ရ"

မိမိကိုယ်မိမိဆင်ခြင်ဖို့ (Contemplation) တောင် အဲဒီလောက်လိုအပ်ချက်ရှိနေရင် မိမိသေချာစွာမသိတဲ့ အခြားသူရဲ့အကြောင်းအရာနဲ့ကိစ္စရပ်တွေအပေါ် အကဲဖြတ်ရင် ပိုခက်ခဲမှာဖြစ်ပါတယ်။ လူတွေဟာ ကိုယ်ထင်တာကိုပဲ အမှန်ထင်နေကြပါတယ်။ မျက်မမြင်ပုဏ္ဏားခြောက်ဦးရဲ့ ဆင်ကိုပုံဖော်ရာမှာ မိမိလက်နဲ့ စမ်းမိထိတွေ့မိတာကိုသာ အမှန်လို့ထင်တာမျိုး၊ မိမိမြင်တဲ့အမြင် (Perceptions) ကို အခြေခံပြီး မိမိရဲ့ရှိရင်းအစွဲ (Biases)တွေနဲ့ပေါင်းကာ Correspondent Inferences လို့ခေါ်တဲ့ လိုသလိုကောက်ချက်ဆွဲချတတ်ပါတယ်။ ဥပမာအားဖြင့် လူတစ်ယောက်လေ့ကားပေါ်က ပြုတ်ကျတာမြင်လိုက်တာနဲ့ ဒီလူဟာ တော်တော်နမော်နမဲ့နိုင်တာပဲလို့ ချက်ချင်းကောက်ချက်ဆွဲတတ်တာမျိုးပေါ့။

အဲဒီလိုဖြစ်ရတာဟာ ကိစ္စတစ်ရပ်ရပ်ကို မြင်မှု၊ ကြားမှု၊ ထိတွေ့မှုရှိလာတာနဲ့ ချက်ချင်းဆင်ခြင်သုံးသပ်မှုတစ်ခု အလိုလိုပြုလိုက်ပြီး ဖျတ်ခနဲအတွေးတစ်ခုဝင်လာလို့ဖြစ်ပါတယ်။ Thinking Fast ပေါ့။ Mental Reckoning စိတ်တွက်တွက်လို့ရတဲ့ဟာမျိုးဖြစ်ပြီး သင်္ချာမှာအလီကို အလွတ်ကျက်ထားသလိုမျိုးဖြစ်ပါတယ်။ ဒါပေမဲ့ ကိစ္စအားလုံးဟာ အဲဒီလောက်မြန်မြန်နဲ့ အဖြေထုတ်လို့မရဘူးလေ။ အထူးသဖြင့် လူတစ်ဦးအပေါ် ကိုယ့်ရဲ့ အမြင်နဲ့ လွယ်လွယ်ကောက်ချက်မဆွဲသင့်ဘူးဆိုတာ အားလုံးသိမှာပါ။ သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ရမယ့်အရာမျိုးဆိုရင် Thinking Slow သေသေချာချာ ပြန်တွေးကြည့်ဖို့လိုတာပေါ့။

**မိမိရဲ့ ရှိရင်းစွဲအမြင်နဲ့ အစွဲခုနစ်ချက်**

လူတိုင်းဟာအကဲဖြတ်တာ မှားယွင်းခဲ့မှု အမြဲတမ်းရှိခဲ့မှာပါ။ ဘာကြောင့်လဲဆိုတော့ အရှေ့မှာဖော်ပြခဲ့တဲ့ မိမိရဲ့ ရှိရင်းစွဲအမြင်နဲ့ အစွဲ Perceptions and Biases တွေကြောင့်ပါ။ Perceptions and Biases ခုနစ်ချက်ရှိပါတယ်-

(၁) **Fundamental attribution error (ပင်ကိုရှိရင်းအကြောင်းခြင်းရာ)**။ လူတစ်ဦးတစ်ယောက်ရဲ့ အတွင်းပင်ကိုဗီဇကိုသာကြည့်လိုက်ပြီး ပြင်ပရဲ့ သက်ရောက်မှုကို ထည့်မတွက်ဘဲ ကောက်ချက်ချခြင်း။ (ဥပမာအားဖြင့် အမျိုးသမီးများ ယာဉ်တိုက်မှုဖြစ်ပွားမှုများရင် အမျိုးသမီးတွေဟာ အမျိုးသားတွေလောက် ကားမောင်းတာ မကျွမ်းကျင်နိုင်ဘူးလို့ သတ်မှတ်လိုက်တာမျိုး)

(၂) **Halo effect (ကိုယ်ရောင်ကိုယ်ဝါရဲ့သက်ရောက်မှု)**။ တစ်ဦးတစ်ယောက်ရဲ့ ပုံပန်းသဏ္ဍာန်ကို ကြည့်ပြီး ဆက်နွှယ်ပတ်သက်မှုမရှိတဲ့ အကြောင်းအရာတစ်ခုနဲ့ ဆက်စပ်ကောက်ချက်ချလိုက်တာမျိုး။ (ဥပမာအားဖြင့် ဥပဓိရုပ်ကောင်းတဲ့လူဟာ သဘောကောင်းမှာပဲ၊ တော်မှာပဲ၊ ယုံကြည်ရမှာပဲလို့ထင်မှတ်ခြင်းမျိုး)

(၃) **Similar to me effect (သူတော်ချင်းသတင်းလွှ့လွှ့ဖြစ်မှု)**။ မိမိနဲ့ အကြိုက်၊ ဝါသနာ၊ ဇာတိစတဲ့ အကြောင်းခြင်းရာများအနက် မိမိနဲ့တူတဲ့သူအပေါ် သဘောကျနှစ်သက်တတ်တာမျိုး။ (ဥပမာအားဖြင့် မန်ယူအသင်းကို နှစ်သက်သူအချင်းချင်း သဘောကျနှစ်ခြိုက်တာမျိုး)

(၄) **Selective perception (လိုချင်တာကိုသာ ကြိုရွေးထားမှု)**။ မိမိရွေးချယ်လိုလားတဲ့ အကြောင်းအရာအပေါ်မှာသာမူတည်ပြီး လိုသလိုဆွဲပြီး အခြားအကြောင်းအရာတွေကို လုံးဝထည့်သွင်းစဉ်းစားမှုမပြုဘဲ ကောက်ချက်တန်းချလိုက်တာမျိုး။ (ဥပမာအားဖြင့် လုပ်ငန်းခွင်မှာ မိမိယုံကြည်အားထားရသူရဲ့ပြောစကားတစ်ခုတည်းကိုသာ လက်ခံပြီး ဆုံးဖြတ်ချက်ချတာမျိုး)

(၅) **First impression error (ပထမဆုံးအကဲဖြတ်ထားမှုအပေါ်ကိုင်စွဲထားတဲ့အမှား)**။ တစ်ဦးတစ်ယောက်အပေါ် ပထမဦးဆုံးရရှိခဲ့တဲ့ ထင်မြင်ထားရှိချက်အတိုင်း တစ်လျှောက်လုံး စွဲကိုင်သတ်မှတ်ထားရှိမှုမျိုး။

(၆) **Self-fulfilling prophesies (ကြိုတင်ဟောကိန်းထုတ်နိုင်စွမ်းရှိမှု)**။ တစ်ဦးတစ်ယောက်အပေါ် သူ့အနေဖြင့် ကြိုတင်မျှော်လင့်ထားရှိတဲ့အတိုင်း ဖြစ်လာမယ်လို့ ထင်မှတ်ထားတာမျိုး။

(၇) **Stereotypes (ပုံသေကားချပ်မှတ်ယူတတ်မှု)**။ ကိစ္စအကြောင်းအရာ၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အပေါ် ဒီပုတ်ထဲကဒီပဲတွေပဲဖြစ်မှာပဲလို့ ကောက်ချက်ချပြီး ဝါးလုံးရှည်နဲ့သိမ်းကြုံးရမ်းသလို ကောက်ချက်ချတာမျိုး။

ဒီအချက်တွေကိုလေ့လာကြည့်ပါက ပုထုဇဉ်ဖြစ်တဲ့လူသားတွေအနေနဲ့ ကိစ္စရပ်တစ်ခု၊အကြောင်းခြင်းရာတစ်ရပ် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးနဲ့ စပ်လျဉ်းပြီး ဆုံးဖြတ်ဆောင်ရွက်ရမယ့်အချိန်မှာ အဂတိတရားလေးပါးဖြစ်တဲ့ ဆန္ဒ၊ ဘယ၊ မောဟ၊ ဒေါသဆိုတဲ့ လွဲမှားနေသောအစွဲ (Corrupted Biases) လေးချက်ကို ရှောင်ရှားနိုင်မှသာ လုပ်ငန်းခွင်နဲ့ လူမှုဆက်ဆံရေးနယ်ပယ်မှာ ပြောဆို၊ လုပ်ကိုင်ရတဲ့အခါ မှန်ကန်စွာ ပြုမူလုပ်ဆောင်နိုင်မှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

"မိမိကိုယ်မိမိဆင်ခြင်ဖို့ (Contemplation) တောင် အဲဒီလောက်လိုအပ်ချက်ရှိနေရင် မိမိသေချာစွာမသိတဲ့ အခြားသူရဲ့ အကြောင်းအရာနဲ့ ကိစ္စရပ်တွေအပေါ် အကဲဖြတ်ရင် ပိုခက်ခဲမှာဖြစ်ပါတယ်။ လူတွေဟာ ကိုယ်ထင်တာကိုပဲ အမှန်ထင်နေကြပါတယ်။ မျက်မမြင်ပုဏ္ဏားခြောက်ဦးရဲ့ ဆင်ကိုပုံဖော်ရာမှာ မိမိလက်နဲ့ စမ်းမိထိတွေ့မိတာကိုသာ အမှန်လို့ထင်တာမျိုး၊ မိမိမြင်တဲ့အမြင် (Perceptions) ကိုအခြေခံပြီး မိမိရဲ့ ရှိရင်းအစွဲ(Biases)တွေနဲ့ ပေါင်းကာ Correspondent Inferences လို့ခေါ်တဲ့ လိုသလိုကောက်ချက်ဆွဲချတတ်ပါတယ်။ ဥပမာအားဖြင့် လူတစ်ယောက် လေ့ကားပေါ်က ပြုတ်ကျတာမြင်လိုက်တာနဲ့ ဒီလူဟာ တော်တော်နမော်နမဲ့ နိုင်တာပဲလို့ ချက်ချင်းကောက်ချက်ဆွဲတတ်တာမျိုးပေါ့"

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**မကွေး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီး ဖူဆယ်အားကစားရုံတွင် ကျင်းပသည်။

**အားကစားစိတ်ဓာတ်**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဖူဆယ်အားကစားနည်းသည် တစ်ဦး၊ တစ်ယောက်ကောင်းကစားရသည့် အားကစားနည်းမျိုးမဟုတ်ဘဲ အသင်းလိုက်စုစည်းပြီး တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်မိမိ ယှဉ်ပြိုင်ကစားရသော အားကစားနည်းဖြစ်ကာ လူအနည်းငယ်နှင့် စုဖွဲ့ယှဉ်ပြိုင်ကစားရသည့် အားကစားနည်းဖြစ်သောကြောင့် လူငယ်တိုင်း စိတ်ပါဝင်စားသည့် အားကစားနည်းတစ်ခုလည်း ဖြစ်ကြောင်း၊ အရှေ့တောင်အာရှတွင် ယှဉ်ပြိုင်ရသည့် အားကစားနည်းများတွင် မြန်မာ့ဖူဆယ် အားကစားသည် အဆင့်အတန်းတစ်ခုတွင် ရှိနေပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဖူဆယ်အားကစားနည်းကို ဆက်လက် အောင်မြင်မှုများရရှိစေရေး ရေရှည်အစီအမံများချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားသော ယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရရှိရမည် ဆိုသည့် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံဖူဆယ်ပြိုင်ပွဲကိုဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတား(မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

**ပုသိမ် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့်အတူ တံတားဦးစီးဌာန တံတားအဖွဲ့(၁၅)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပုသိမ်-ကံကုန်း - မြင်းကဆိပ် - မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတား(မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်ခြင်း သံကူကွန်ကရစ်ကြမ်းခင်း၊ တံတားအရှည် ၃၈၄ မီတာ (ပေ ၁၂၆၀)၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃မီတာ၊ လူသွားလမ်းအကျယ်သုည ဒသမ ၆မီတာ၊ ရေလမ်းကင်းလွတ်အကျယ် မီတာ ၆၀(ပေ ၂၀၀)၊ ရေလမ်းကင်းလွတ်အမြင့် ခြောက်မီတာ (ပေ ၂၀)၊ တံတားခံနိုင်ဝန် H.S – 25 (AASHTO)လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ စီမံကိန်းလုပ်ငန်း စီမံချက်နှင့် ပြီးစီးမှုအခြေအနေများနှင့် ချဉ်းကပ်လမ်း ကတ္တရာ ကွန်ကရစ်ခင်းခြင်း၊ တံတားလက်ရန်းတပ်ဆင်ခြင်း စသည့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ ပမ္မဝတီတံတား (မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်ခြင်းအား အချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၉၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ မတ် ၂ ရက်တွင် ကျင်းပမည့် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် ပြသရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် သီးပင်စားပင်များ၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများပြသထားရှိရန် ပြင်ဆင်ထားရှိမှုများနှင့် အခမ်းအနားပြုလုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်တွေမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ၊ လမ်းတံတားများကောင်းမွန်ရေးနှင့် လျှပ်စစ်ဖြန့်ဖြူးပေးနေမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ၊ လမ်းတံတားများကောင်းမွန်ရေးနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် အောင်တိုင်ကျေးရွာအနီး၌ ငါးလုပ်ငန်းဦးစီးဌာန၏ ပေါက်တောမြို့နယ် စိုးမဲကျီ(ပြောင်းရွှေ့) အောင်တိုင်ရေငန်ပုစွန်သားပေါက်စခန်းသို့သွားရောက်ပြီး ပုစွန်သားပေါက်များ ပိုမိုထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အောင်တိုင် ရေငန်ပုစွန်သားပေါက်စခန်းတွင် သားပေါက်ထုတ်လုပ်မှုမှာ ကောင်ရေခြောက်သန်းခန့်ရှိကြောင်း သိရသည်။

**လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေ – ပလ္လင်ပြင်လမ်း ကွန်ကရစ်လမ်းခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ပိုမိုများပြားလာသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲနိုင်ရေး၊ LED မီးသီးများ၊ မီးချောင်းများ အစားထိုးသုံးစွဲနိုင်ရေး ပညာပေးဟောပြောပွဲများ၊ အစီအမံများရေးဆွဲ၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီနှင့် ဆပ်ကော်မတီများလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) သို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## အောင်ပွဲရ လားရှိုးပညာရေးဒီဂရီကောလိပ် အားကစားသမားများအား ဂုဏ်ပြုကြိုဆို

**လားရှိုး ဖေဖော်ဝါရီ ၂၅**

၂၀၂၂–၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်များ အားကစားပွဲတော်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးပညာရေးဒီဂရီကောလိပ်မှ အောင်ပွဲရအားကစားသမားများအားဂုဏ်ပြုကြိုဆိုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါဒီဂရီကောလိပ်တွင် ကျင်းပသည်။

**ပန်းကုံးစွပ်ကြိုဆို**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိများ၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် ပြည်နယ်/ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အောင်ပွဲရ အားကစားသမားများအား ပန်းဖွားအကအဖွဲ့နှင့်အတူ ပန်းကုံးစွပ်ကြိုဆိုခဲ့ကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သောအားကစားသမားများနှင့် တစ်ဦးချင်းဆုတံဆိပ်များရရှိသော အားကစားသမားများ၊ အုပ်ချုပ်သူနည်းပြဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**စိုင်းအောင်ကျော်စိုး(ပြန်/ဆက်)**

# မော်လမြိုင်မြို့နယ်ရှိ ငြိမ်းချမ်းသစ္စာနိမိတ္တမျက်ရှင်တော် စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၅

မော်လမြိုင်မြို့ တောင်ဝိုင်းတောင် တောင်ရိုးတန်းတွင် တည်ထားကိုးကွယ်တော်မူသော ငြိမ်းချမ်းသစ္စာနိမိတ္တမျက်ရှင်တော် စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

## ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုခဲ့ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ကာ မော်လမြိုင်မြို့ ဖက်တန်းရပ် အဘယသုတာရာမစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဂန္ထဝါစကပဏ္ဍိတ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ



ဆရာတော် ဘဒ္ဒန္တသာသန အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ ငြိမ်းချမ်းသစ္စာနိမိတ္တမျက်ရှင်တော် စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ဆက်ကပ်ပူဇော်ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ အနုမောဒနာ တရားနာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် စေတီတော်ပေါ်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော် လက်ယာရစ် သုံးပတ်လှည့်လည် ပင့်ဆောင်၍ မင်္ဂလာအချိန်တွင် မင်္ဂလာရထားပုံဖြင့် စေတီတော်မြတ်ကြီးပေါ်သို့ ပင့်ဆောင်ခဲ့ပြီး ဆရာတော်ကြီးများက ဦးစီးအမှူးပြု၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ်အတွင်း အပတ်စဉ် (စနေနေ့) စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုများ ကြည့်ရှုအားပေး

လွိုင်ကော် ဖေဖော်ဝါရီ ၂၅

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အပတ်စဉ် စနေနေ့ စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ စာသင်ကျောင်းများနှင့် အများပြည်သူအသုံးပြုသည့်နေရာများ၌ ပြုလုပ်ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ရုံးများ သန့်ရှင်းသာယာလှပစေရေးနှင့် နောင်ယားကန်သာပတ်ဝန်းကျင်တွင် ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးတို့အတွက် ဌာနဆိုင်ရာအသီးသီးရှိ ဝန်ထမ်းများနှင့် ပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ စာသင်ကျောင်းများသန့်ရှင်းရေးနှင့် ခြံစည်းရိုးများ ကာရံပြုပြင်ခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ရပ်ကွက်၊ ကျေးရွာ အပါအဝင် မြို့သန့်ရှင်းသာယာလှပစေရေးတို့အတွက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

အလားတူ ပြည်နယ်အတွင်းရှိ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်များတွင်လည်း ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)

# ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်များကို တိကျစွာလိုက်နာကျင့်သုံးခြင်းဖြင့် ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးတိုးတက်ရရှိရေး ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ခေတ်မီစိုက်ပျိုးစနစ်များ လိုက်ပါကျင့်သုံးမှု ထွန်းကားလာစေရေးနှင့် ဆည်ရေသောက်စနစ်အတွင်းရှိ စိုက်ကွင်းများအားလုံး စိုက်ပျိုးရေအညီအမျှ ရရှိသုံးစွဲနိုင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက တောင်သူများနှင့် အနီးကပ် တွေ့ဆုံဆွေးနွေးခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာအုပ်စုမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှုလယ်ယာဦးစီးဌာနက တာဝန်ရှိသူများက သဲဖြူကျေးရွာ ကွင်းအမှတ် (၁၄၈၁)တွင် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ ဧက ၁၅၀ ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နေပြည်တော် ကောင်စီနယ်မြေကို စိုက်ပျိုးမွေးမြူရေး အခြေခံသော ဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးရေ အသုံးချမှုဆိုင်ရာ နည်းပညာရပ်များကို စနစ်တကျ ကျင့်သုံးခြင်းဖြင့် ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေး တိုးတက်ရရှိနိုင်မှု အကျိုးကျေးဇူးများ၊ စက်မှုလယ်ယာစနစ်သို့ လက်တွေ့မြန်မြန်ကူးပြောင်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧက ၁၅၀ ဖော်ထုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ (၆၁)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွားတောကျေးရွာအုပ်စု ငွေးပင်ကျေးရွာ စနစ်ကျလယ်ယာမြေများ အောင်မြင်စွာဖော်ထုတ်ပြီးစီး၍ တောင်သူများထံ ပြန်လည်ပေးအပ်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ရွားတောဆင်သေချောင်းပိတ် ယာယီရေလွှဲဆည်နှင့် ရွှေ့လျားဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန် ခွာနာလျှာနာ ရောဂါရှာဖွေရေးခတ်ခွဲခန်း (နေပြည်တော်) လုပ်ငန်းနှင့် မွေးမြူရေးသုတေသနဦးစီးဌာနရုံးသစ် တည်ဆောက်မည့် မြေနေရာတို့ကိုလည်းကောင်း၊ ကုန်းနေသတ္တဝါဆိုင်ရာ တိရစ္ဆာန်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ မျိုးမွေးမြူထိန်းသိမ်းခြင်း၊ မျိုးကောင်းမျိုးသန့်ပွားများ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေ၊ ပျား၊ နွားနောက်၊ မြင်း၊ အိမ်မွေးတိရစ္ဆာန်နှင့် တောရိုင်းတိရစ္ဆာန်သုတေသနစခန်း (ရွှေမြို့) တည်ဆောက်မည့် မြေနေရာများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယနေ့ ညနေ ၅ နာရီ ၉ မိနစ် ၄၈ စက္ကန့်တွင် စစ်တွေမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၆၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မောင်တောမြို့၏ မြောက်-အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၀ ဒသမ ၉၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒသမ ၃၉ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ သုည အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# မန်းရွှေစက်တော် ဘုရားကြီးအား တစ်နေ့လျှင် ဘုရားဖူးပြည်သူ ၁၅၀၀ ခန့် လာရောက်ဖူးမြော်

**မင်းဘူး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော် ပါဒစေတီတော်မြတ်ကြီးတွင် ဘုရားပွဲတော်ကာလ၌ အခါကြီး ရက်ကြီးများနှင့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် တစ်နေ့လျှင် ဘုရားဖူးပြည်သူ ၁၅၀၀ ခန့် လာရောက်ဖူးမြော်လျက်ရှိကြောင်း ရွှေစက်တော် ဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ၈၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး၏ ပွဲတော်များအနက် ရက်အရှည်ဆုံး ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်သည်။ သမိုင်းဝင် တန်ခိုးကြီးဘုရားကြီးဖြစ်သည်နှင့်အညီ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ တဖွဲဖွဲလာရောက်ဖူးမြော်လျက်ရှိပြီး အခါကြီးရက်ကြီးများနှင့် အစိုးရ ရုံးပိတ်ရက်များတွင် ဘုရားဖူးပြည်သူ ၁၅၀၀ ခန့်နှင့် ကြားရက်များတွင် ၁၀၀၀ ခန့် လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။



ဘုရားပွဲတော်ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာဖူးမြော်နိုင်ပြီး မန်းချောင်းရေအား ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း ရေချိုးရေကစားနိုင်ရန် ဆည်မှ နေ့စဉ် ရေလွှတ်ခြင်း၊ ရေတားများဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ထားသည်။

ယခုနှစ်တွင် ရိုးရိုးတည်းခိုဆောင်မှ နမ္မဒါ အဆင့်မြင့်တည်းခိုခန်းများဖြင့် အဆင့်မြင့်မြင့်တည်းခိုနိုင်ပြီး ၂၄ နာရီလျှင် ဝန်ဆောင်ခ ငွေကျပ် ၅၀၀၀၀၊ ရေစပ်ရှိ ရိုးရိုးတည်းခိုဆောင် ငွေကျပ် ၃၀၀၀၀ နှင့် ရေစပ်နှင့် ဝေးသည့် တည်းခိုဆောင် ငွေကျပ် ၂၀၀၀၀ တို့ဖြင့် တည်းခိုနိုင်ကြောင်းသိရသည်။

ထို့အပြင် အဘိုး၊ အဘွားများ၊ ကျန်းမာရေးချို့တဲ့သူများနှင့် ကလေးသူငယ်များအတွက် တောင်ခြေမှ ကိုးခန်းကြီးအထိ မှန်လုံယာဉ်ငယ်လေးများဖြင့် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိပြီး ယာဉ်စီးခနှုန်းထားများမှာ တောင်ပေါ်အတက် ငွေကျပ် ၁၀၀၀ နှင့် အဆင်း ငွေကျပ် ၅၀၀ ဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။ ဘုရားဖူး၍ ရွှေစက်တော် ပရိဝုဏ်အတွင်းမှ တောတောင်ရေမြေနှင့် စိမ်းစိုသာယာလှပသည့် သဘာဝအလှတရားများကို ကြည့်ရှုခံစားနိုင်သည့်အပြင် မန်းချောင်းအပန်းဖြေ ဆင်စခန်း၊ ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်ရှိ ကြယ်လိပ်နှင့် ရွှေသမင်များ၊ ငှက်မျိုးစိတ်များကိုလည်း ကြည့်ရှုလေ့လာနိုင်ကြောင်း မန်းရွှေစက်တော်ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်ထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

**ဓာတ်ပုံ – Zaw Zaw Aung(MinBu)**

**✻ ကျောဖုံးမှ**

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက် လက်ခံရယူနိုင်မည့် ဘွဲ့ခံပုဂ္ဂိုလ်များအား ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ကြသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် သီရိပျံချီဘွဲ့ရရှိသူ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးမောင်ကျော်၏ ကိုယ်စား မြေးဖြစ်သူ ဒေါ်မေအေးဝင်း အား ဂုဏ်ထူးဆောင်ဘွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်မြို့တော်ခန်းမ၌ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❂ MNL ပြိုင်ပွဲမှ**

၂၄ မိနစ်တွင် ဝင်းပြည့်မောင်က ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အား/ကာသိပ္ပံအသင်းက ဂိုးထပ်ရရန် ကြိုးပမ်းသလို ရှေဝတီအသင်းကလည်း ကစားသမားများအပြောင်းအလဲပြုလုပ်ကာ ချေပဂိုးရရန် ကစားအားမြှင့်ခဲ့သည်။ ၆၄ မိနစ်တွင် ရှေဝတီနောက်ခံလူ ပယ်နယ်တီဧရိယာအတွင်း လက်ထိခဲ့သဖြင့် အား/ကာသိပ္ပံအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး တိုက်စစ်မှူး သူရိန်ထွန်းက အမှားအယွင်းမရှိကန်သွင်းခဲ့သည်။

အား/ကာသိပ္ပံအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရှေဝတီအသင်းက နှစ်ပွဲကစား တစ်မှတ် ရထားသည်။ ပွဲစဉ်(၂)ဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မစေတီ(မွန်)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေလှိုင်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရှင်မတောင်ပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ဝါယာလက် ဘုန်းတော်ကြီးကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်ရှိ မဟာဝိဇယရံသီစလေကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွှေလှေကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ပင်လယ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ကျောင်းကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မဟာဓမ္မိကာရာမကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပါရမီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# မိမိဝန်ထမ်းများသာ ပထမ

ဒေါက်တာခိုင်ခိုင်ဝင်း

"လူတွေက ပြောကြတယ်။ Customer comes first၊ စားသုံးသူက ပထမတဲ့။ အမှန်က Employee comes first ပါ။ မိမိဝန်ထမ်းတွေကသာ ပထမပါ။ မိမိဝန်ထမ်းတွေကို ဂရုစိုက်ရင် သူတို့က customer တွေကို ဂရုစိုက်ပါလိမ့်မယ်တဲ့"

စီးပွားရေးပညာရှင် Richard D. Branson

> **ရှင်လန်းတက်ကြွမှုရှိတဲ့၊ အလုပ်ကြိုးစားတဲ့ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာ ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်နိုင်ရေး တွန်းအားပေးတဲ့အရာတွေကို ကြည့်မယ်ဆိုရင် Intrinsic motivation & Extrinsic motivation လို့ခေါ်တဲ့ မိမိပင်ကိုအတွင်းစိတ်စေ့ဆော်ခြင်းနဲ့ ပြင်ပမှစေ့ဆော်ခြင်းဆိုပြီး နှစ်မျိုးနှစ်စားတွေ့နိုင်ပါတယ်။ ပင်ကိုအတွင်းစိတ်စေ့ဆော်တွေမှာ မိမိကိုယ်တိုင်က ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ရတာကို ဂုဏ်ယူခြင်း၊ မိမိအလုပ်ကို ချစ်မြတ်နိုးခြင်း စတာတွေပါဝင်ပြီး ပြင်ပစေ့ဆော်ခြင်းတွေမှာ လစာငွေ၊ အဆောင်အယောင်တွေ၊ တာဝန်ကျေမှု၊ အောင်မြင်မှုတွေအတွက် ခံစားခွင့်တွေ၊ မိဘတွေရဲ့တိုက်တွန်းအားပေးမှုတွေ စတာတွေပါဝင်**

ဒီစာသားလေးကိုဖတ်ရင်း ခေါင်းထဲ အတွေးများစွာဝင်လာမိပါတယ်။ ယနေ့လုပ်ငန်းခွင်တွေမှာ၊ ကုမ္ပဏီတွေမှာ၊ ဌာနဆိုင်ရာများရှိ အုပ်ချုပ်ရေးအဆင့်ဆင့်မှာ တာဝန်ယူအုပ်ချုပ်နေကြသူတွေက မိမိဝန်ထမ်းတွေသာ ပထမဆိုတဲ့အတိုင်း ဝန်ထမ်းတွေကို တန်ဖိုးထားအုပ်ချုပ်နေကြပါရဲ့လား။ မိမိဝန်ထမ်းတွေကို ဂရုမစိုက်၊ တန်ဖိုးမထားမိဘဲ Customer comes first ဆိုတာကိုပဲ အတင်းလေ့ကျင့်ပေးနေကြတာလား။

**ဝန်ထမ်းတွေကို စားသုံးသူတွေနည်းတူ ဂရုစိုက်တန်ဖိုးထား**

Customer comes first ဆိုတာကလည်း တစ်စိတ်တစ်ပိုင်းတော့ မှန်ပါတယ်။ မိမိတို့ရောင်းကုန်တွေ၊ စားသောက်ကုန်တွေကို လာရောက်အားပေးသူ၊ စားသုံးသူတွေ စိတ်ကျေနပ်မှုရရှိစေရေး ဝန်ထမ်းတွေက ဝန်ဆောင်မှုကောင်းတွေပေးဖို့ တာဝန်ရှိပါတယ်။ အလားတူ ပြည်သူတွေနဲ့ထိတွေ့ဆက်ဆံနေရတဲ့ ဝန်ထမ်းတွေအနေနဲ့လည်း ပြည်သူတွေ စိတ်ချမ်းသာမှုရရှိစေဖို့နဲ့ လုပ်ငန်း လွယ်ကူအဆင်ပြေ အောင်မြင်စေဖို့ Customer comes first ဆိုတဲ့ထုံး နှလုံးမူပြီး တာဝန်ယူ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အပြန်အလှန်အားဖြင့် ဝန်ထမ်းတွေကို စားသုံးသူတွေနည်းတူ ဂရုစိုက်တန်ဖိုးထားမှုတွေပေးဖို့ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီပိုင်ရှင်တွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေမှာရော တာဝန်မရှိပေဘူးလား။

လုပ်ငန်းတွေကနေ၊ ဌာနဆိုင်ရာတွေကနေ ကြိုးစားနိုးကြားမှုရှိတဲ့ ဝန်ထမ်းတွေထဲက အလုပ်ထွက်ကြတဲ့ ဝန်ထမ်းအများစုရဲ့ အကြောင်းရင်းတွေကို ကြည့်မယ်ဆိုရင် တာဝန်ရှိသူ၊ အုပ်ချုပ်သူအကြီးအကဲတွေရဲ့ ဝန်ထမ်းတွေအပေါ် ဂရုမစိုက်မှု၊ တန်ဖိုးမထားမှု၊ တရားမျှတစွာအုပ်ချုပ်တာမရှိမှု၊ တာဝန်ကျေမှုတွေအပေါ် အသိအမှတ်ပြု အလေးမထားမှု၊ အလွန်အမင်းခိုင်းစေမှု စတဲ့အချက်တွေကို တွေ့ရမှာဖြစ်ပြီး အဲဒီအဓိကအချက်တွေကြောင့်ပဲ လုပ်ငန်းခွင်ဟာ ပျော်ရွှင်ဖွယ်ရာလုပ်ငန်းခွင် ဖြစ်မလာတော့ဘဲ ဝန်ထမ်းတွေကို လုပ်ငန်းခွင်ကနေ ထွက်ခွာစေတဲ့အကြောင်းရင်း ဖြစ်လာစေတယ်လို့ လေ့လာသိရှိရပါတယ်။ ကိုယ်ရေးကိုယ်တာအခက်အခဲကြောင့် အလုပ်ကနေ နုတ်ထွက်သူတွေကို မဆိုလိုပါ။

မလုပ်မရှုပ်မပြုတ်စိတ်ရှိတဲ့ ဝန်ထမ်း၊ သတ်မှတ်အရည်အချင်းမပြည့်စုံလို့ ရာထူးအဆင့်တိုးဖို့ မဖြစ်နိုင်တာကို အတင်းလိုချင်၊ မိမိကိုယ်မိမိ မသိတဲ့ဝန်ထမ်း၊ ရေသာခိုအချောင်လိုက်ပြီး သူများနဲ့တန်းတူ အခွင့်အရေးလိုချင်တဲ့ ဝန်ထမ်းတွေရဲ့ တစ်ဖက်သတ်စွပ်စွဲပြီး သူတို့ချို့ယွင်းချက်ကို မဖော်ပြဘဲ သူတို့လုပ်ငန်းခွင်မှာ မပျော်ပိုက်တာ အထက်ကြောင့်ရယ်လို့ ပြစ်တင်တတ်တာတွေကို တွေ့ရတတ်ပေမယ့် သူတို့ကို စာရင်းထဲ ထည့်သွင်းဖော်ပြခြင်း မပြုပါ။

**မိမိပင်ကိုအတွင်းစိတ်စေ့ဆော်ခြင်းနဲ့ ပြင်ပမှစေ့ဆော်ခြင်း**

ရှင်လန်းတက်ကြွမှုရှိတဲ့၊ အလုပ်ကြိုးစားတဲ့ ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာ ပျော်ရွှင်ချမ်းမြေ့စွာ အလုပ်လုပ်နိုင်ရေး တွန်းအားပေးတဲ့အရာတွေကို ကြည့်မယ်ဆိုရင် Intrinsic motivation & Extrinsic motivation လို့ခေါ်တဲ့ မိမိပင်ကို အတွင်းစိတ်စေ့ဆော်ခြင်းနဲ့ ပြင်ပမှစေ့ဆော်ခြင်း ဆိုပြီး နှစ်မျိုးနှစ်စား တွေ့နိုင်ပါတယ်။ ပင်ကိုအတွင်းစိတ်စေ့ဆော်တွေမှာ မိမိကိုယ်တိုင်က ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရတာကို ဂုဏ်ယူခြင်း၊ မိမိအလုပ်ကို ချစ်မြတ်နိုးခြင်း စတာတွေပါဝင်ပြီး ပြင်ပစေ့ဆော်ခြင်းတွေမှာ လစာငွေ၊ အဆောင်အယောင်တွေ၊ တာဝန်ကျေမှု၊ အောင်မြင်မှုတွေအတွက် ခံစားခွင့်တွေ၊ မိဘတွေရဲ့ တိုက်တွန်းအားပေးမှုတွေ စတာတွေပါဝင်ပါတယ်။

ဒီစေ့ဆော်ခြင်းနှစ်မျိုးလုံး ဟန်ချက်ညီမျှတနေပါမှ ဝန်ထမ်းတွေဟာ လုပ်ငန်းခွင်မှာ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ လုပ်ငန်းတာဝန်တွေကို အောင်မြင်အောင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပင်ကိုအတွင်းစိတ်စေ့ဆော်ခြင်း တစ်မျိုးတည်း အားကောင်းနေပါက အစပိုင်းမှာ လုပ်ငန်းခွင်အတွင်း အဆင်ပြေသလိုရှိမှာဖြစ်ပေမယ့် ပြင်ပစေ့ဆော်ခြင်းတွေ၊ အားနည်းယိုယွင်းမှုတွေရှိနေရင် ရေရှည်မှာ ပင်ကိုအတွင်းစိတ်စေ့ဆော်ခြင်းတွေကို ထိခိုက်လာနိုင်ပြီး လုပ်ငန်းခွင်မပျော်ရွှင်မှု၊ လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှု အားနည်းလာမှာဖြစ်ပါတယ်။

အလားတူ ဘယ်လိုပဲ ပြင်ပစေ့ဆော်ခြင်း ကောင်းမွန်အောင် ဆောင်ရွက်ပေးစေကာမူ အတွင်းစိတ်စေ့ဆော်ခြင်းတွေ အားနည်းနေပြန်ရင်လည်း လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရေးမှာ အခက်အခဲရှိမှာဖြစ်ပါတယ်။ ဒါကြောင့် အတွင်းနဲ့အပြင် စေ့ဆော်တွန်းအားပေးခြင်းတွေကို ဟန်ချက်ညီ ထိန်းသိမ်းနိုင်ရေး အုပ်ချုပ်မှုအဆင့်ဆင့်ရှိ လူတွေမှာ တာဝန်များစွာရှိပါတယ်။

**လုပ်ငန်းခွင်ပျော်ရွှင်မှုဖြစ်တည်လာရေး စီစဉ်ဆောင်ရွက်**

ဥပမာအားဖြင့် အတွင်းစိတ်စေ့ဆော်ခြင်းတွေ အားနည်းလာတယ်လို့ သုံးသပ်ယူဆပါက အပြင်စိတ်စေ့ဆော်ခြင်းကို ပိုမိုအားထည့်ဆောင်ရွက်ပေးခြင်းနည်းလမ်းနဲ့ ဝန်ထမ်းတွေကို လုပ်ငန်းခွင်ပျော်ရွှင်မှုဖြစ်တည်လာရေး၊ ဝန်ထမ်းတွေ စိတ်ဓာတ်တက်ကြွစွာ လုပ်ငန်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပျော်ရွှင်နေတဲ့ လုပ်ငန်းခွင်၊ မိမိကိုတန်ဖိုးထားတဲ့ဌာန၊ တရားမျှတမှုရှိတဲ့ အုပ်ချုပ်ရေးနယ်ပယ်မှာ ရှိနေသူ၊ တာဝန်ထမ်းဆောင်နေသူတစ်ဦးအတွက် လုပ်ငန်းခွင်ကနေထွက်ခွာ၊ နုတ်ထွက်ရေးမှာ မဖြစ်နိုင်လွန်းတဲ့ ကိုယ်ရေးကိုယ်တာအခက်အခဲအခြေအနေအကျပ်အတည်းဖြစ်ပေါ်လာမှသာ ထွက်ခွာကြမှာဖြစ်ပြီး ပုံမှန်အားဖြင့် လွယ်လင့်တကူဆုံးဖြတ်၊ နုတ်ထွက်ဖို့မဖြစ်နိုင်လှပါ။ အကြောင်းက ဝန်ထမ်းတွေဟာ မိမိကိုတန်ဖိုးထားတဲ့ဌာနကို ချစ်ခင်မြတ်နိုးသလို မိမိအလုပ်ကိုလည်း ချစ်ခင်မြတ်နိုး ပျော်ရွှင်နေကြလို့ဖြစ်ပါတယ်။

မိမိဝန်ထမ်းတွေကို တန်ဖိုးထားအုပ်ချုပ်ရင် ဌာနအတွင်းဖြစ်ပေါ်နေတဲ့ ပြဿနာရဲ့ သုံးပုံနှစ်ပုံခန့် ပျောက်ကွယ်နိုင်တယ်လို့ ယုံကြည်ပါတယ်။

> **အုပ်ချုပ်သူ၊ စီမံခန့်ခွဲသူလူကြီးရဲ့ တရားမျှတမှုမရှိခြင်းတွေ၊ မိမိဝန်ထမ်းသာ ပထမဆိုတဲ့ထုံး နှလုံးမမူ တန်ဖိုးမထားမှုတွေကြောင့် ဝန်ထမ်းတွေရဲ့ အလုပ်လုပ်ချင်စိတ် လျော့နည်းပျက်ယွင်းသွားပြီး အပြန်အလှန်လေးစားမှု စိတ်ဓာတ်တွေလည်း ပျက်ပြားစေတာတွေဖြစ်ပေါ်နိုင်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ မိမိကိုယ်မိမိယုံကြည်မှု၊ တာဝန်ရှိသူတွေအပေါ် ယုံကြည်မှု၊ ဌာနအပေါ် ယုံကြည်မှုတွေလည်း ပျက်ပြားလာပြီး ပြည်သူလူထုကို ဝန်ဆောင်မှုပေးတဲ့အပိုင်းမှာ အားနည်းမှုတွေရှိလာမှာဖြစ်**

ကုမ္ပဏီဝန်ထမ်းအချင်းချင်း၊ ဌာနဆိုင်ရာဝန်ထမ်းအချင်းချင်း ပြောကြားချက်ကို ဂရုစိုက်နားထောင်ကြည့်မယ်ဆိုပါက ကုမ္ပဏီအတွင်း၊ ဌာနအတွင်း တရားမျှတမှုမရှိတဲ့အကြောင်းတွေ၊ တန်ဖိုးထားမခံရမှုတွေကို အဓိကပြောကြားလေ့ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ တရားမျှတစွာ အုပ်ချုပ်စီမံခန့်ခွဲမှုမရှိတဲ့ဌာနမှာ အထက်အောက် ဝန်ထမ်းတွေအကြား လေးစားယုံကြည်မှုလည်း လျော့နည်းနေမယ်ဆိုတာ ယုံမှားဖွယ်မရှိပါ။

ဒီနေရာမှာ တရားမျှတမှုရှိတဲ့ လုပ်ငန်းခွင်ဖြစ်ပေါ်လာရေးနဲ့ ဝန်ထမ်းတွေ ပျော်ရွှင်တက်ကြွစွာတာဝန်ထမ်းဆောင်တဲ့ လုပ်ငန်းခွင်ဖြစ်ပေါ်လာရေး အုပ်ချုပ်သူ၊ စီမံခန့်ခွဲသူ၊ တာဝန်ရှိသူလူကြီးရဲ့ အမြော်အမြင်ကြီးမှု၊ အုပ်ချုပ်စီမံခန့်ခွဲမှုအပိုင်း ကျွမ်းကျင်မှု၊ သမာသမတ်ရှိမှု၊ ဘက်မလိုက်မှု၊ ခွဲခြားဆက်ဆံခြင်းမရှိမှု၊ ပုဂ္ဂိုလ်ရေးအငြိုးထားအမုန်းမပွားမှု၊ ပညာဉာဏ်ကြီးမြတ်မှု၊ စိတ်နေစိတ်ထားမြင့်မြတ်မှု စတဲ့အရည်အချင်းကောင်းများစွာ လိုအပ်တာကိုတွေ့ရှိရမှာဖြစ်ပါတယ်။

အုပ်ချုပ်သူ၊ စီမံခန့်ခွဲသူလူကြီးရဲ့ တရားမျှတမှုမရှိခြင်းတွေ၊ မိမိဝန်ထမ်းသာ ပထမဆိုတဲ့ထုံး နှလုံးမမူ တန်ဖိုးမထားမှုတွေကြောင့် ဝန်ထမ်းတွေရဲ့ အလုပ်လုပ်ချင်စိတ် လျော့နည်းပျက်ယွင်းသွားပြီး အပြန်အလှန် လေးစားမှုစိတ်ဓာတ်တွေလည်း ပျက်ပြားစေတာတွေ ဖြစ်ပေါ်နိုင်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ မိမိကိုယ်မိမိယုံကြည်မှု၊ တာဝန်ရှိသူတွေအပေါ် ယုံကြည်မှု၊ ဌာနအပေါ် ယုံကြည်မှုတွေလည်း ပျက်ပြားလာပြီး ပြည်သူလူထုကို ဝန်ဆောင်မှုပေးတဲ့အပိုင်းမှာ အားနည်းမှုတွေရှိလာမှာ ဖြစ်ပါတယ်။

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းပါမယ်**

အထက်အောက်ဝန်ထမ်းအချင်းချင်း အပြန်အလှန် လူ့ဂုဏ်သိက္ခာလေးစားမှုရှိစွာ ပြောဆိုဆက်ဆံကြတာ၊ မှန်ကန်မျှတစွာအုပ်ချုပ်တာတွေရှိမယ်ဆိုရင်လည်း စိတ်ပျော်ရွှင်ချမ်းသာမှုရှိတဲ့ လုပ်ငန်းခွင်အတွင်း ဝန်ထမ်းတွေ ပျော်ရွှင်စွာ အလုပ်လုပ်နိုင်ကြမှာဖြစ်လို့ နိုင်ငံတော်အတွက် အမှန်ပဲ တန်ဖိုးရှိတဲ့ ပြည်သူ့အရေး ဆောင်ရွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းကောင်းတွေကို နိုင်ငံတော်က မလွဲမသွေရရှိလာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းပါမယ်။ ဝန်ထမ်းကောင်းတွေ မွေးထုတ်ဖို့ ဝန်ထမ်းတွေကို အုပ်ချုပ်နေသူတွေမှာ များစွာတာဝန်ရှိပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ နိုင်ငံတော်ရဲ့မူဝါဒ၊ လမ်းညွှန်ချက်တွေအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပြည်သူအများနဲ့ အနီးကပ်ထိတွေ့ဆက်ဆံဝန်ဆောင်မှုပေးရတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူ့ဝန်ထမ်းတွေကို ချစ်ခင်လေးစားတန်ဖိုးထားပြီး မိမိဝန်ထမ်းတွေသာ ပထမဆိုတဲ့ထုံး နှလုံးမူကာဖြင့် ခွဲခြားဆက်ဆံမှုကင်းစွာ၊ မှန်ကန်မျှတစွာ အုပ်ချုပ်ကြမယ်ဆိုရင် ဝန်ထမ်းတွေကို တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ကျေမှုတွေရှိဖို့ အထူးမှာကြားစရာမလို၊ အလိုလို တာဝန်သိ တာဝန်ကျေတဲ့ ဝန်ထမ်းတွေ၊ ပြည်သူနဲ့ဆက်ဆံရေးနယ်ပယ်မှာ အောင်မြင်အောင် ဆောင်ရွက်နိုင်တဲ့ ဝန်ထမ်းတွေဖြစ်လာမယ်လို့ ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |


# ပန်းတနော်မြို့ လူထုအခြေပြုဗဟိုဌာန ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး

**ပန်းတနော် ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်း ဒေသကြီး လူမှုရေးဝန်ကြီး ဦးမောင်မောင်သန်းသည် ယနေ့ မွန်းလွဲ ၄ နာရီက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဆောက်လုပ်လျက်ရှိသည့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံအား သတ်မှတ်ကာလအတွင်း ဆောက်လုပ်ပြီးစီး စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန် အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုမ္ပဏီမှ များ တာဝန်ရှိသူများအား လိုအပ်သည် ဆွေးနွေးမှာကြားခဲ့ ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့်ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သော အချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၆-၃-၂၀၂၃ ရက်နေ့မှ ၁၇-၃-၂၀၂၃ ရက်နေ့အထိ နေ့စဉ် တစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကုန်သည်စက်မှုအသင်းချုပ်နှင့် မြန်မာနိုင်ငံ အော်တိုမိုတစ်အသင်းတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရဲမြင့်မောင်၊ ဗဟိုအလုပ်အမှုဆောင် ဦးတင်ကိုကို၊ ဦးစိုးနိုင်တို့အား မြန်မာနိုင်ငံ အော်တိုမိုတစ်အသင်းဥက္ကဋ္ဌ ဦးခင်ထွန်း၊ ဘဏ္ဍာရေးမှူး ဦးစိန်လွင်တို့ ဦးဆောင်သောအဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံရာတွင် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက လုပ်ငန်းကဏ္ဍစုံမှ အသင်းအဖွဲ့များအနေဖြင့် ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းများအဖြစ် ဝင်ရောက်လိုခြင်းအတွက် ဝမ်းသာကြိုဆိုကြောင်း၊ ညီနောင်အသင်းဖြစ်ခြင်းဆိုင်ရာသင်းဖွဲ့စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သင်းဖွဲ့စည်းမျဉ်းအရ ညီနောင်အသင်းများသည် သက်ဆိုင်ရာလုပ်ငန်းအလိုက်၊ ဒေသအလိုက် ကိုယ်စားပြုရမည်ဖြစ်ပြီး ညီနောင်အသင်းအဖြစ် လက်ခံရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အော်တိုမိုတစ်အသင်းဥက္ကဋ္ဌ ဦးခင်ထွန်းက အော်တိုမိုတစ်အသင်းအနေဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံသူများအတွက်လည်း အကျိုးရှိပြီး မိမိတို့နိုင်ငံ၏ သုံးစွဲသူများအတွက်လည်း အကျိုးရှိစေမည့် ရည်ရွယ်ချက်နှင့် အသင်းကို တည်ထောင်ထားခြင်းဖြစ်ကြောင်း၊ Industry တစ်ခုလုံးကို စနစ်တကျနှင့် ဖွံ့ဖြိုးတိုးတက်၍ စားသုံးသူများကို အခြေပြုပြီး ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာသည့်အခါ ထုတ်ကုန်များ၊ နည်းပညာများ Reliable ဖြစ်စေရန်၊ Compliance ဖြစ်စေရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂမှာ ၁၉၅၈ မော်တော်ယာဉ်ဥပဒေကို ပြဋ္ဌာန်းထားခဲ့ပြီး နည်းဥပဒေများစွာရှိကြောင်း၊ နည်းပညာပြောင်းလဲလာသည်နှင့်အမျှ နည်းဥပဒေများက အမြဲတမ်း Update လုပ်လေ့ရှိကြကြောင်း၊ နိုင်ငံတကာမှ ၎င်းတို့နိုင်ငံနှင့်သင့်လျော်မည့် နည်းဥပဒေများကို စံချိန်စံညွှန်းနှင့် သတ်မှတ်ကြသည့်အတွက် မြန်မာနိုင်ငံတွင်လည်း အကောင်အထည်ဖော်စေချင်ကြောင်း၊ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးရေးအတွက် အော်တိုမိုတစ်ကဏ္ဍသည်လည်း အရေးပါသည့်အတွက် ကုန်သည်စက်မှုအသင်းချုပ်၏ ညီနောင်အသင်းဖြစ်ခြင်းမှတစ်ဆင့် အချက်အလက်များကို သက်ဆိုင်ရာ အစိုးရကော်မတီများသို့ တင်ပြပါက ပိုပြီးထိရောက်နိုင်ကြောင်း၊ လက်ရှိတွင် လျှပ်စစ်သုံးမော်တော်ယာဉ် (EV) Charging Station တွင်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အသင်း၏ လစဉ်လှုပ်ရှားဆောင်ရွက်မှုများကို ကုန်သည်စက်မှုအသင်းချုပ်သို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် အသင်းသားရေးရာကော်မတီအဖွဲ့ဝင်များက မြန်မာနိုင်ငံအော်တိုမိုတစ်အသင်းအနေဖြင့် ကုန်သည်စက်မှုအသင်းချုပ်၏ ညီနောင်အသင်းအဖြစ် လျှောက်ထားရာတွင် လိုအပ်သည့်အရည်အချင်းများ ပြည့်စုံပါက အသင်းသားရေးရာကော်မတီမှတစ်ဆင့် စီမံခန့်ခွဲရေးကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီများသို့ ဆက်လက်တင်ပြ၍ ညီနောင်အသင်းအဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ အော်တိုမိုတစ်အသင်းသည် နာမည်ကျော်ကြားသော နိုင်ငံတကာအမှတ်တံဆိပ်များဖြစ်သည့် Automotive Brands ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ကုန်သည်စက်မှုအသင်းချုပ်တွင် ညီနောင်အသင်းဝင်ဖြစ်ရန် လျှောက်ထားလျက်ရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်သုံးယာဉ် EV Fast Charging Station များ တည်ဆောက်နေမှု ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် ကော်မတီဝင် ဒေါက်တာဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်သုံးယာဉ်များအတွက် အမြန်အားသွင်းနိုင်သည့် EV Fast Charging Station တည်ဆောက်နေသည့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ဒဂုံ-ဧရာအဝေးပြေးယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်း၊ လှိုင်မြို့နယ် သီရိမင်္ဂလာဈေး၊ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်း၊ အလုံမြို့နယ် သခင်မြပန်းခြံ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့ ပန်းဆိုးတန်းခုံးကျော်တံတားဘေး နေရာများသို့ သွားရောက်၍ EV Charging Station များ တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများနှင့် တွေ့ဆုံကာ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးအောင်ဆောင်ရွက်ရန်၊ မတ် ၁၀ ရက်တွင် ပြီးစီးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှု အချိန်ဇယားရေးဆွဲ၍ စိစစ်ကြပ်မတ်ရန် မှာကြားပြီး သက်ဆိုင်ရာ Station အလိုက် မြေနေရာအနေအထားအရ အခက်အခဲများ၊ အုပ်ချုပ်မှုကိစ္စရပ်များ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၂၃၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၂၃၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၄၁,၄၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း(၆၃၃,၉၀၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၉၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# အလုံမြို့နယ်၌ ဆယ့်နှစ်လရာသီ စာပန်းချီစာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက အလုံမြို့နယ် စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့က စာဖတ်ဝိုင်းပြုလုပ်သည်။

အဆိုပါစာဖတ်ဝိုင်းကို ကျောင်းသား လူငယ်များ၊ ပြည်သူများ စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး စာဖတ်သည့် အလေ့အထများရရှိစေရန်၊ စာပေမှရရှိသည့် အသိပညာဗဟုသုတရရှိစေရန်နှင့် လူအများနှင့် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများရရှိစေရန်အတွက် ရည်ရွယ်ကာ လစဉ်ဆောင်ရွက်လျက်ရှိသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ချိုက စာဖတ်ဝိုင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီးနောက် စာရေးသူရွှေတိုင်လွင်က ယခုစာအုပ်အား မြန်မာ့ရိုးရာယဉ်ကျေးမှု ရာသီအလိုက်ပွဲတော်များအကြောင်း၊ ရာသီအလိုက်ပွင့်သောပန်းများ၊ ရာသီနက္ခတ်များအကြောင်း ရေးသားထားခြင်းဖြစ်ပြီး အမျိုးဘာသာ၊ စာပေ၊ ယဉ်ကျေးမှုများ မဆိတ်သုဉ်းမပျောက်ကွယ်ရန် ရည်ရွယ်ရေးသားရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါစာဖတ်ဝိုင်းတွင် စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းအမှုဆောင် ဦးမောင်မောင်(လျှပ်စစ်)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မြို့တော်ထွန်းရည်၊ ဒုတိယဥက္ကဋ္ဌ စာရေးဆရာမအေး(ရန်ကုန်တက္ကသိုလ်)တို့က စာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါစာဖတ်ဝိုင်းသို့ အလုံမြို့နယ် စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြောင်း သိရသည်။

**မောင်မောင်(လျှပ်စစ်)**

# လုပ်ငန်းလွှဲပြောင်းပေးအပ်ပွဲနှင့် ပြုပြင်လည်ပတ်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

**မင်းလှ ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သော တင်ဒါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ လွှဲပြောင်းပေးအပ်ပွဲနှင့် ကျေးရွာကော်မတီများအား ပြုပြင်လည်ပတ်ထိန်းသိမ်းခြင်း သင်တန်းပို့ချခြင်းကို ယမန်နေ့ နံနက်ပိုင်းက မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများအပါအဝင်ကျေးလက်လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်တွင် လုပ်ငန်းရေရှည် တည်တံ့ကောင်းမွန်အောင် ကျေးရွာကော်မတီများမှ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြောင်းနှင့် ယခုပို့ချမည့် သင်ခန်းစာများကို ကျေးရွာကော်မတီဝင်များအနေဖြင့် ဂရုတစိုက်သင်ယူရန်လိုအပ်ကြောင်း မှာကြားကာ သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များသို့ လုပ်ငန်းများ လွှဲပြောင်း အပ်နှံပေးအပ်ခဲ့ကြောင်း သိရသည်။



**သင်ကြားပို့ချ**

အဆိုပါ ပြုပြင်လည်ပတ်ထိန်းသိမ်းခြင်းသင်တန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မင်းလှမြို့နယ်အတွင်း ကုန်ထုတ်လမ်းလုပ်ငန်း၊ ရေပေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့သော ကျေးရွာ ရှစ်ရွာမှ ကျေးရွာကော်မတီဝင် ၂၄ ဦးကို တစ်ရက်ကြာ သင်ကြားပို့ချခဲ့ပြီး အဆိုပါသင်တန်းဖွင့်လှစ်ပို့ချခြင်းကြောင့် ကျေးလက်နေပြည်သူများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု အလေ့အကျင့်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# လုံမြင့်ကျေးရွာ၌ ကွန်ကရစ်လမ်း ဖွင့်ပွဲကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် လုံမြင့်ကျေးရွာ၌ ကျေးရွာကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ကြည်က လုံမြင့်ကျေးရွာတွင် ကွန်ကရစ်လမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာ ပေးအပ်ခဲ့ကြသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၇၂၀၊ အကျယ် ၁၂ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၆ သိန်းတို့ကို အသုံးပြုကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ပူပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၂၂၂**



# ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ်၌ မြေပြိုမှုကြောင့် သေဆုံးသူ ၅၄ ဦးအထိ မြင့်တက်လာ



**ဆော်ပေါလို ဖေဖော်ဝါရီ ၂၅**

ဘရာဇီးနိုင်ငံ ဆော်ပေါလိုပြည်နယ်၏ ကမ်းရိုးတန်းဒေသတွင် ပြီးခဲ့သည့်သီတင်းပတ်ကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဖြစ်ပွားခဲ့သည့် မြေပြိုမှုများကြောင့် သေဆုံးသူ ၅၄ ဦးအထိ မြင့်တက်လာကြောင်းနှင့် နွံညွှန်ထူထပ်သော တောင်တန်းဒေသများ၌ ပျောက်ဆုံးနေသူ အများအပြားအား ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းမှုများသည် ဆော်ပေါလိုပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်ရှိ ဆာရာဒိုမာတောင်တန်းဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဒေသသည် ကမ္ဘာလှည့်ခရီးသွားအပန်းဖြေနေရာ အများစု တည်ရှိသည့်ဒေသဖြစ်ကြောင်း သိရသည်။

ယင်းတောင်တန်းဒေသ၌ မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်သူ ၄၀၀၀ ခန့်သည် ၎င်းတို့၏ နေအိမ်များ ဆုံးရှုံးခဲ့ရပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

နေအိမ်များဆုံးရှုံးခဲ့သူများအတွက် သဘာဝဘေးဖြစ်ပွားသည့် နယ်မြေများ၏ ပြင်ပနေရာများ၌ နေအိမ်များ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်းလည်း ဘရာဇီးနိုင်ငံ သမ္မတ လူးဝစ်အီနာစီယိုလူလာဒါ ဆေးလ်ဗားက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အလင်းသစ်



# အမေရိကန်နိုင်ငံ၌ ဆောင်းရာသီနှင်းမုန်တိုင်း တိုက်ခတ်၊ လျှပ်စစ်မီးများ ပြတ်တောက်လျက်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်နိုင်ငံ၌ ဆောင်းရာသီနှင်းမုန်တိုင်းတစ်ခု ယမန်နေ့က ပြင်းထန်စွာတိုက်ခတ်မှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တစ်ဝန်းရှိ လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းပေါင်း တစ်သိန်းကျော်ထိခိုက်ခံစားရပြီး လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီမှစပြီး ပြည်သူ ၁၁၆၀၀၀ ခန့်သည် လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ကြုံတွေ့နေရသည်။

နှင်းမုန်တိုင်းတိုက်ခတ်လျက်ရှိစဉ် နှင်းများထူထပ်စွာ ကျဆင်းပြီး အအေးလှိုင်းနှင့် လေပြင်းများပါ တိုက်ခတ်လျက်ရှိသည်။ နှင်းမုန်တိုင်းတိုက်ခတ်မှုသည် ရက်အနည်းငယ် ဆက်လက်ကြာမြင့်နိုင်ဖွယ်ရှိကြောင်း အမျိုးသားမိုးလေဝသဌာနက ဆိုသည်။

တောင်ပိုင်းကယ်လီဖိုးနီးယား တောင်တန်းဒေသများ၌ မုန်တိုင်းဆိုင်ရာ သတိပေးချက်များကို ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ သတိပေးချက်ထုတ်ပြန်မှုသည် ၁၉၈၉ ခုနှစ်မှစပြီး ပထမဆုံးသတိပေးချက်ထုတ်ပြန်မှုဖြစ်သည်။

အလားတူ ဆီယာနှင်းမုန်တိုင်းစင်တာက Sierra Nevada တောင်တန်းဒေသများ၌ နှင်းမုန်တိုင်းဆိုင်ရာ သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုအပြင် မြေပြင်ပေါ်၌ နှင်းများနှင့် ရေခဲများကြောင့် လမ်းမများနှင့် အဝေးပြေးလမ်း အများအပြားကိုလည်း ပိတ်ဆို့လျက်ရှိသည်။

မကြာမီအချိန်အတွင်း လျှပ်စစ်မီးများ ပြန်လည်ရရှိမည်ဟု အာဏာပိုင်များက ခန့်မှန်းထားကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်

# ဆီးရီးယားနှင့် တူကီယဲ နှစ်နိုင်ငံတို့၌ အင်အားပြင်းငလျင်များ လှုပ်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၅၀၀၀၀ ကျော်ရှိလာ

**အန်ကာရာ ဖေဖော်ဝါရီ ၂၅**

ဖေဖော်ဝါရီ ၆ ရက်က ဆီးရီးယားနှင့် တူကီယဲ နှစ်နိုင်ငံတို့၌ အင်အားပြင်းငလျင်များ ဆက်တိုက်လှုပ်ခတ်မှုကြောင့် သေဆုံးသူဦးရေသည် ၅၀၀၀၀ ကျော်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

သေဆုံးသူအရေအတွက်သည် တူကီယဲနိုင်ငံ၌ ၄၄၂၁၈ ဦးရှိပြီး ဆီးရီးယားနိုင်ငံ၌ ၅၉၁၄ ဦးရှိကြောင်း တူကီယဲအစိုးရအဖွဲ့၊ ဆီးရီးယားကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးတို့မှ ထုတ်ပြန်ချက်များအရ သိရသည်။

ဖေဖော်ဝါရီ ၆ ရက်က ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး အချိန်အနည်းငယ်အကြာတွင် ငလျင်ငယ်အများအပြား လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် တူကီယဲနိုင်ငံ အယ်လ်ဘီစတန်မြို့ရှိ အဆောက်အအုံများပြိုကျပြီးနောက် ကိုးနာရီအကြာတွင် ဒုတိယအကြိမ် လှုပ်ခတ်မှုကြောင့် အဆောက်အအုံ ၁၄၀၀ နီးပါး ပြိုကျခဲ့ကြောင်း တူကီယဲနိုင်ငံ အယ်လ်ဘီစတန်မြို့ တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဟာဆန်ဗျူရယ်က ပြောသည်။

ဒေသခံ ၉၃၀ သေဆုံးပြီး ၃၃၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ခရိုင်လူဦးရေ ၁၄၀၀၀၀ ကျော်အနက် ၂၀၀၀၀ ခန့်သည် အခြားဒေသများသို့ ရွှေ့ပြောင်းခဲ့ကြသည်ဟု ၎င်းက ဆိုသည်။ လက်ရှိတွင် ပြည်သူ ၁၂၀၀၀ ခန့်သည် ယာယီတဲများ သို့မဟုတ် ရွက်ဖျင်တဲများ၌ နေထိုင်ကြသည်။

ငလျင်ဘေးသင့်ပြည်သူများက လာမည့် ခြောက်လ မှ ၁၂ လအတွင်း ၎င်းတို့၏ ပုံမှန်နေ့စဉ်ဘဝသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု ယုံကြည်ကြောင်း အုပ်ချုပ်ရေးမှူး ဟာဆန်ဗျူရယ်က ဆိုသည်။

ကိုးကား- အင်န်အိတ်ချ်ကေ

ဘာသာပြန်- အောင်ကျော်ကျော်

■

# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ယာဉ်မတော်တဆမှုကြောင့် ၁၃ ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၅**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ ဖေဖော်ဝါရီ ၂၅ ရက်အစောပိုင်းက ယာဉ်မတော်တဆမှုတစ်ခုဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး ၁၃ ဦး သေဆုံးပြီး အခြားသော ၂၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါယာဉ်မတော်တဆမှုသည် ပန်ဂျပ်ပြည်နယ် ရာဟင်ယာခန်ခရိုင်၏ ရူကန်ပါဒေသအနီးရှိ အဝေးပြေးလမ်းမပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ ရစ်ဇ်ဝန်အူမာဂွန်ဒယ်က ပြည်တွင်းမီဒီယာများအား ပြောကြားသည်။

ခရီးသည်တင်ကားတစ်စီး တာယာကွဲသွားခြင်းကြောင့် အဝေးပြေးလမ်းမပေါ်တွင် အရှိန်ပြင်းစွာ မောင်းနှင်လျက်ရှိသော ခရီးသည်တင်ကားတစ်စီးနှင့် တိုက်မိမှုဖြစ်ပွားခဲ့ခြင်းကြောင့် ၁၃ ဦးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များနှင့် ကင်းလှည့်ရဲများသည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန်သွားရောက်ကာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သူများနှင့် ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူအများအပြားမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေခြင်းကြောင့် သေဆုံးသူ အရေအတွက် ထပ်တိုးလာမည်ကို ဆေးရုံမှ တာဝန်ရှိသူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အလင်းသစ်

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅ ရာခိုင်နှုန်း အိုမီခရွန်မီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား ကူးစက်ခံထားရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်နိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအားလုံး၏ ၈၅ ရာခိုင်နှုန်းသည် ကူးစက်မြန် အိုမီခရွန်မီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား (XBB.1.5) ကူးစက်ခံထားရကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုသည်။

ကူးစက်မြန် အိုမီခရွန်မီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား (XBB.1.5) သည် အမေရိကန်နိုင်ငံ၌ ပြီးခဲ့သည့်ဒီဇင်ဘာလမှစပြီး စတင်ကူးစက်ပျံ့နှံ့လျက်ရှိသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အဆိုပါဗိုင်းရပ်စ်အမျိုးအစား ကူးစက်ခံရသူ ၇၉ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်။

XBB.1.5 ဗိုင်းရပ်စ်အမျိုးအစားသည် နိုင်ငံအဝန်း မြန်ဆန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိပြီး BQ.1.1 ဗိုင်းရပ်စ်အမျိုးအစားသည် ဒုတိယကူးစက်မှုအမြန်ဆုံးဖြစ်ကာ ကူးစက်ခံရသူ ၉ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။

XBB. 1.5 ဗိုင်းရပ်စ်အမျိုးအစားသည် ကျန်ဗိုင်းရပ်စ်များထက် ကူးစက်မှုပိုမိုမြန်ဆန်လျက်ရှိပြီး ရောဂါခံစားရမှု ပိုမိုပြင်းထန်ကြောင်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ဆိုသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန်- အောင်ကျော်ကျော်



# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်လှုပ်ရှား စစ်ဆေးရေးအဖွဲ့က မြဝတီ- ဘားအံ- ရန်ကုန်လမ်းကြောင်းတစ်လျှောက် မောင်းနှင်လာသောမော်တော်ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမှတ်(၂)လမ်း ဇရပ်ကွင်းကျေးရွာအနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော PVC Resin ၈၅၀၀ ကီလိုဂရမ် ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၀၅၆၀၈၅ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၅၆၀၈၅) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော Toy Small Car with Battery & Remote Control ခုနစ်ဖာ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ နှင့် သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ECG Recording Paper (Thermal-Paper) ၃၁၂ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၅၂၀၀၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် Basin Waste P-Trap အခု ၃၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၉၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်း မရှိသည့် ဘိလပ်မြေအိတ်ခွံ ၃၀၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi-Fuso (Tractor-Head) တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မင်္ဂလာဒုံမြို့နယ် ပုလဲ(၁) ရပ်ကွက်ရှိ ဂိုဒေါင်များအား ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စက်မှုကုန်ကြမ်း (ဘေထုပ်) ၁၀၈ ထုပ်၊ Lactasoy (Soy-Milk) ဖာ ၄၀၊ ပန်ကာ(အဟောင်း) အခု ၁၁၀ အပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် စက်မှုနယ်မြေ စက်မှုလမ်းတွင် ရပ်တန့်ထားသော ယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းမော်တော်ယာဉ်နှစ်စီး အနီးရှိ ဂိုဒေါင်အမှတ် စမ ၆/၁၄ ဂိုဒေါင်အတွင်းအား စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Brand New ဆိုင်ကယ် ၁၀၈ စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၀၀၀၀ နှင့် အဆိုပါဆိုင်ကယ်များ တင်ဆောင်သော ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၈၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၃ ဒသမ ၃၁၆၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၈၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၅၈၆၄၈၅ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# သဃ်န်းကျွန်း၊ နောင်ချိုနှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် မိကျောင်းကန်ရပ်ကွက် ဝေဇယန္တာလမ်းတွင် ရပ်တန့်ထားသည့် Nissan AD Van မော်တော်ယာဉ်နှင့်အတူ မျိုးခိုင်ဇော်၊ ချမ်းသာနှင့် ကိုကိုနိုင်တို့သုံးဦးအား တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ ကိုလည်းကောင်း။

**စစ်ဆေးရှာဖွေ**

အလားတူ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျည်းရေကျေးရွာအနီးတွင် ဇေယျာစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆီတိုင်ကီအံ့ဝှက်နှင့် လေစစ်ဘူးအတွင်းတို့မှ စိတ်ကြွဆေးပြား ၅၈၀၀၀ ကိုလည်းကောင်း။

ထို့အတူ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ဂျူးလူကျေးရွာအနီးတွင် အောင်ဇော်ထွန်း မောင်းနှင်ပြီး စိုင်းတွီ.(ခ)စိုင်းစံတွီ. လိုက်ပါလာသော Toyota Wish ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အင်ဂျင်ခန်းအတွင်းမှ အိုက်စ် ၃ ဒသမ ၅ ကီလို သိမ်းဆည်းရမိပြီး ည ၇ နာရီတွင် မိုင်းဆတ်မြို့နယ် ကောင်းမှုကန်ကျေးရွာအုပ်စု ပန်ဟိုင်းကျေးရွာအနီးတွင် အိုက်စ်များ လက်ခံမည့်သူ ကျာတူ(ခ) လောလှ၊ ကျီးချီ(ခ)အားဝါတို့နှစ်ဦးအား ဆိုင်ကယ်နှစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၂၆-၂-၂၀၂၃ တနင်္ဂနွေနေ့**

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ်၊ အဋ္ဌာနာယကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပုဂံနှင့်ယွန်းထည်
**၀၉:၁၀** တရုတ်ကာတွန်းအစီအစဉ် 'ဖြူဝင်စိတ်လှ' (အပိုင်း-၁)
**၀၉:၃၅** အသိပညာနှင့်အမှန်တရား
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် 'ပြည်ချစ်သားမှန် တေးသဝဏ်' တေးဂီတ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၁)
**၁၁:၄၀** ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (မြန်မာစာဘာသာရပ်)
**၁၂:၄၅** Weekly Local News Highlights
**၁၃:၁၀** MRTV National News
**၁၃:၂၅** မြန်မာဂန္ထဝင်ရုပ်ရှင် 'အတွယ်အတာ' (ဝင်းဦး၊ စန္ဒာလင်း)(ဒါရိုက်တာ-ဝင်းဦး)
**၁၆:၃၅** ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (အင်္ဂလိပ်စာဘာသာရပ်)
**၁၇:၁၅** Sports Diary
**၁၇:၄၀** Economic Review
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** 'သုတဝေဖြာ...သိရိဂေဟာ'
**၁၉:၁၅** မြန်မာ့ဇာတ်လမ်းတွဲ 'ဝိန်းကြာဝတ်၍ တင်သောဂေ' (အပိုင်း-၁၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ 'ရှစ်ရှင်တေးသွားသံစဉ် အလှတရားများရဲ့သီဆိုရှင် တေးသံရှင် မောင်သိန်းဝင်း' (အပိုင်း-၁)
**၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် 'လူမိုက်' (ဒွေး၊ မိုမိုမြင့်အောင်)(ဒါရိုက်တာ-မီးပွား)

**mitv**

**07:01** Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
**07:07** Myanma Traditional Art, Silversmith
**07:12** The Beauty In The North Of Myanmar
**07:28** Myanmar Cultural Identities (Hintha or Hamsa)
**07:52** Paper Art Creator
**08:01** News
**08:28** The Bamboo Hat
**08:37** Skilful Marionette Performance of New Generation Artistes
**08:52** Shopping with Torch-Lights
**09:01** Living Myanmar Glazed Ceramics
**09:17** Today Myanmar: Happy 117th Anniversary of Yangon Zoo
**09:32** Finding Ways for Coexistence between People and Elephants
**09:46** Sightseeing in Yangon: Inya Lake
**10:01** News
**10:28** Five Tooth Relic Enshrined Pagodas
**10:43** Perspectives: Valuation

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဝိုးဖြူသီးနှင့်ကျန်းမာရေး
**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
အနာဂတ်ကြယ်ပွင့်လေးရဲ့ကျောင်းပိတ်ချိန်
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ဒူးရင်းသီးနှင့်ကျန်းမာရေးအကျိုးကျေးဇူး
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ရခိုင်ပြည်မှသဘာဝအလှများ
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
တို့ဟူးဖြူဖြူလုပ်နည်း
**"ဝ" (၁၄:၀၀ မှ ၁၆:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင်(အပိုင်း-၅)
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ရိုးရာထမင်းထုပ်နည်း
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားရွာ
**ဝကေကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၇)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ရိုးရာဇိနပ်လုပ်ငန်း
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၁:၄၅** Next Level
**၁၂:၁၅** 'စူးစမ်းရှာဖွေရှေးဟောင်းအမွေ'
**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၄:၂၀** News Desk
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၉:၄၅** 'ကမ္ဘာတစ်လွှားအနုပညာသတင်းများ'

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှုသာ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
**၁၁:၃၀** "အတွေးအမြင်" အပိုင်း(၂)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၄၀** ဒဟတ်ကုန်းသကြားစက်ရုံမှ သကြားထုတ်လုပ်ပုံအဆင့်ဆင့်
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၇:၄၅** အနာဂတ်ရဲ့လမ်းဆီမှာအဖိုးအနှစ္ဆ ထိုက်တန်လာမည့်ကျောက်ပွင့်လေးများ
**၀၈:၂၀** ကျန်းမာသုခဝင်ငွေရတဲ့မိသားစုဘဝလေး တည်ထောင်စို့
**၀၉:၄၀** သုံးသီးစားတဲ့တို့ယာမြေ
**၀၉:၅၅** တောင်သူစိုက်ခင်းဆီသို့အလည်တစ်ခေါက်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပနန်းကျေးရွာနေ ထိန်ဝင်းသည် ၎င်းအသုံးပြုသည့် “Htein Win” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ချောစုလွင်သည် ၎င်းအသုံးပြုသည့် “Chaw Su Lwin” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်းကျေးရွာနေ မိုးသဲဖြူသည် ၎င်းအသုံးပြုသည့် “ Moethae Phyu” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကမာရွတ်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများဆောင်ရွက်

ကမာရွတ် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့ချရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေးတို့အတွက် ကမာရွတ်မြို့နယ် ပညာ့ရိပ်သာ



လမ်းရှိ 6.6kV ဦးဝိစာရ-အင်းယားလမ်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့သည်။

### ခုတ်ထွင်ရှင်းလင်း

ထိုသို့ရှင်းလင်းရာ မတ် ၈ ရက်တွင် စတင်ကျင်းပမည့် ၂၀၂၂-၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပမည့် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(TTC သုံးထပ်ဆောင်)အား မီးပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် 6.6kV ဓာတ်အားလိုင်းဖြင့် ပို့လွှတ်ပေးလျက်ရှိသော ဦးဝိစာရလမ်းနှင့် အင်းယားလမ်းရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ဦးစားပေးအဖြစ် ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းမှစတင်ကာ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြို့နယ်တွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့်သစ်ပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)



## သထုံမြို့နယ်၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းဖွင့်

သထုံ ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်းတွင် ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

### ဂရုပြုဆောင်ရွက်

အခမ်းအနားတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ငါးမွေးတောင်သူများ၏ စီးပွားရေးအခြေအနေများကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း မွန်ပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူများနှင့် စိတ်ဝင်စားသူများကို ငါးမွေးမြူခြင်းလုပ်ငန်းနှင့်ပတ်သတ်၍ စာတွေ့လက်တွေ့ စဉ်ဆက်မပြတ် လက်ဆင့်ကမ်းသင်ကြားပေးနေပြီး သိရှိခဲ့သည့်နည်းစနစ်များကို လက်ဆင့်ကမ်းဖြန့်ဝေပေးခြင်းဖြင့် အကျိုးပြုဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ဒေသရှိ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေကြသူများအား ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ငါးမွေးတောင်သူများအနေဖြင့် ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ ဂရုပြုဆောင်ရွက်စေလိုကြောင်း အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရေချိုငါးမျိုးနှင့် အလှမွေးငါးများ လက်တွေ့ဆေးထိုးသားဖောက်ခြင်း၊ ငါးအစာအာဟာရနှင့် အစာကျွေးနည်းစနစ်၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း စသည်တို့ကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ စာတွေ့လက်တွေ့ သုံးရက်ကြာ အခမဲ့စရိတ်ငြိမ်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းတစ်လျှောက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဓာတ်အားသုံးစွဲသူ အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ သစ်ပင်သစ်ကိုင်းများကြောင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်လမ်းတစ်လျှောက်မှ (၄၆)လမ်းထိပ်၊ (၄၇)လမ်းထိပ်နှင့်(၄၈)လမ်းထိပ်တို့ရှိ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို အလှည့်ကျဓာတ်အားပြတ်တောက်ချိန်ဖြစ်သည့် ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဆောင်ရွက်ခဲ့ရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ ယင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှဝန်ထမ်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများ စုစုပေါင်း ဝန်ထမ်းအင်အား ၃၅ ဦး၊ ပလက်ဖောင်းထရပ်ယာဉ် တစ်စီး၊ အမှိုက်သယ်ယာဉ် နှစ်စီး၊ လုပ်ငန်းသုံးယာဉ် နှစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချစ်ဆောင်(YESC)



■

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) တက္ကသိုလ်အဝင် အဓိပတိလမ်းတိုးချဲ့ဖောက်လုပ်ရေးလုပ်ငန်းနှင့် တက္ကသိုလ်ဝင်းအတွင်း နည်းပညာသင်တန်းများဖွင့်လှစ်နိုင်ရန် တည်ဆောက်ဆဲအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ အဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်သည်။

**အမှာစကားများပြောကြား**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က အမှာစကားများပြောကြားသည်။

ထို့နောက် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ဘွဲ့ရမောင်မယ်များထံ ဘွဲ့လက်မှတ်များအပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ မူလတန်းကြိုပြီးမြောက်ကြောင်း လက်မှတ်ချီးမြှင့်ပွဲကျင်းပ



**မြဝတီ ဖေဖော်ဝါရီ ၂၅**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့မကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၏ မူလတန်းကြိုပြီးမြောက်ကြောင်း လက်မှတ်ချီးမြှင့်ပွဲနှင့် ပညာရွှေဖူးကိုယ်ပိုင်မူလတန်းကျောင်း၏ ကျောင်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက မူလတန်းကြိုပြီးမြောက်ကြောင်း လက်မှတ်များအား ကျောင်းသား ကျောင်းသူများထံ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားသို့ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ အဖွဲ့ဝင် ဦးစိန်သောင်း၊ အဖွဲ့ဝင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြဝတီခရိုင်ဦးစီးမှူး ဦးရဲဇင်လတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်မင်းစိုး၊ မြဝတီခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသီဟနိုင်၊ မြို့မကိုယ့်အားကိုယ်ကိုးကျောင်းနာယက ဦးသန်းရွှေ၊ ဆရာ ဆရာမများနှင့် ကျောင်းသား မိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၇၅ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၈၄ |
| 95 Ron | ၂၀၈၄ | ၂၁၆၀ |
| HSD (500 ppm) | ၂၀၆၃ | ၂၁၃၃ |
| HSD (50 ppm) | ၂၁၃၇ | ၂၂၀၉ |
| HSD (10 ppm) | ၂၁၃၇ | ၂၂၀၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အာဆီယံ အင်ဒို-ပစိဖိတ် အခြေခံအဆောက်အအုံဆိုင်ရာဖိုရမ်သို့ မြန်မာလုပ်ငန်းရှင်များတက်ရောက်နိုင်ရေး ဆွေးနွေး



ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ Charge d’ Affaires ဖြစ်သူ Mr. Muhammad Arif Hidayatullah အား ဖေဖော်ဝါရီ ၂၂ ရက်တွင် လမ်းမတော်မြို့နယ် ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် Mr. Muhammad Arif Hidayatullah က စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပမည့် ASEAN Indo – Pacific Infrastructure Forum Towards the AOIP (AIPIF) သို့ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားလိုကြောင်း၊ အင်ဒိုနီးရှား-မြန်မာ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အင်ဒိုနီးရှားနိုင်ငံ၏ တက္ကသိုလ်များတွင် မြန်မာကျောင်းသား ကျောင်းသူများ ပါဝင်တက်ရောက်နိုင်ရေးအတွက် ပညာသင်ဆုပေးအပ်မည့် အစီအစဉ်များ၊ ဆန်တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးစနစ်နှင့် ဘဏ်လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်စီးဆင်းနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက အသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြု ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းကဏ္ဍအလိုက်၊ ဒေသအလိုက် ညီနောင်အသင်း ၈၀ ကျော်နှင့် စုစည်းဖွဲ့စည်းထားရှိခြင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ဆုပေးအပ်မည့် အစီအစဉ်များတွင် အသင်းချုပ်နှင့် ရေ့ဆက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ အင်ဒိုနီးရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် လုပ်ငန်းကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

အာဆီယံ အင်ဒို-ပစိဖိတ် အခြေခံအဆောက်အအုံဆိုင်ရာဖိုရမ်တွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု၊ ရေရှည်တည်တံ့မှု၊ ငွေရေးကြေးရေးစနစ် ဆန်းသစ်တီထွင်ဖန်တီးမှုတို့ အဓိကပါဝင်သည့် အစိမ်းရောင်အခြေခံအဆောက်အအုံ (Green Infrastructure) အရေးပါမှုကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ




ရန်ကုန် ဖေဖော်ဝါရီ ၂၅

သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်)၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များအတွက် အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မဟာဘွဲ့ ခုနစ်ဦး၊ စီးပွားရေးသိပ္ပံဘွဲ့ ၈၇ ဦးနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် စီးပွားရေးသိပ္ပံဘွဲ့ ၂၃၄ ဦး စုစုပေါင်း ၃၂၈ ဦးအနက် ဘွဲ့နှင်းသဘင်သို့တက်ရောက်ဘွဲ့ယူသူ ၂၈၀ နှင့် အဝေးရောက်ဘွဲ့ယူသူ ၄၈ ဦးတို့ကို သက်ဆိုင်ရာဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

ဘွဲ့များချီးမြှင့်အပ်နှင်းပြီးနောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားရာတွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) အနေဖြင့် နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုမည့် လူမှုစီးပွားရေးပညာတတ် လူ့စွမ်းအားအရင်းအမြစ် ၈၀၀၀ ခန့်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့တက္ကသိုလ်အနေဖြင့် ပထမနှစ်နှင့်မေဂျာဘာသာရပ်ကြီး ငါးခုမှ ကျောင်းသား ကျောင်းသူများအပြင် ဒေသခံများအထိပါ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် အထောက်အကူပြုမည့်နည်းပညာနှင့် လက်မှုပညာများကို အချိန်မရွေး လေ့လာသင်ယူနိုင်သော လူမှုဆန်းသစ်တီထွင်မှုအထောက်အကူပြုယူနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မြင့် တက္ကသိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကာ သုတေသနနှင့် ဆန်းသစ်တီထွင်မှုကိုလည်း ပိုမိုဆောင်ရွက် နေပြီဖြစ်ကြောင်းနှင့် တက္ကသိုလ်၏ အရည်အသွေး အာမခံမှုစနစ်ကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန် ၂၀၂၀ ပြည့်နှစ်တွင် Asean University Network–Quality Assurance AUN–QA ၏ တွဲဖက်အသင်းဝင် အဖြစ် အသိအမှတ်ပြုရပ်တည်နိုင်ခဲ့ပြီ ဖြစ်ကြောင်းပြောကြားခဲ့သည်။

သတင်းစဉ်

# အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ)၌ လူငယ်စကားဝိုင်း ကျင်းပ

ကျောက်ဖြူ ဖေဖော်ဝါရီ ၂၅

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ)တို့ပူးပေါင်း၍ လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၂၃ ရက်က အစိုးရနည်းပညာကောလိပ်ရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကေသီဝမ်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချစ်ချစ်သန်းက လူငယ်စကားဝိုင်းပြုလုပ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး အစိုးရနည်းပညာကောလိပ် (ကျောက်ဖြူ)မှ ကျောင်းသား ကျောင်းသူများက “လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေးပြောကြားချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ထို့နောက် ဦးဆောင်ပါဝင်ဆွေးနွေးသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပေးအပ်သည့် အမှတ်တရလက်ဆောင်ပစ္စည်းများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ) ကျောင်းအုပ်ကြီး ဒေါက်တာအောင်မွန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)




# ဟသ်ာတမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး



ဟသ်ာတ ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ၂၀၂၂ -၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက ဟသ်ာတမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဟသ်ာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ ၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ တာဝန်ခံများ၊ စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပါရှိသော သင်ခန်းစာများအား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများကိုယ်စားအထက(၁)ကျောင်းအုပ်ဆရာမကြီးထံသို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဖြေဆိုမည့်ကျောင်းသား ၁၄၃၄ ဦးအတွက် စုစုပေါင်းငွေကျပ် ၁၄၃၄၀၀၀ အား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်နှင်းယု ထံသို့လည်းကောင်း ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံ၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၂၅**

ခရီးသည်များ ခရီးသွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ စိတ်အေးချမ်းသာယာစွာ သွားလာနိုင်ရေးနှင့် ဘေးကင်းလုံခြုံစွာ သွားလာနိုင်စေရန် ရည်ရွယ်၍ ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ခရီးစဉ်မထွက်ခွာမီ စစ်ဆေးခြင်း လုပ်ငန်းများကို ယမန်နေ့ညနေ ၅ နာရီက မကွေးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ပူးပေါင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ထိုသို့ ခရီးသည်တင်မော်တော်ယာဉ်များ ခရီးစဉ်မထွက်ခွာမီ ပူးပေါင်းစစ်ဆေးခြင်းဆောင်ရွက်ရာတွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း တပ်ဖွဲ့ဝင်များနှင့် ပုဂ္ဂလိကမော်တော်ယာဉ်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ခရီးသည်တင် မော်တော်ယာဉ်များ စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် လုပ်ငန်းလိုင်စင်အမျိုးအစားများ၊ မော်တော်ယာဉ်များတွင် မီးသတ်ဆေးဘူး ရှိ/မရှိ စစ်ဆေးခြင်း၊ အရေးပေါ် ထွက်ပေါက်နှင့် အမိုးပေါ် Slide Door ရှိ/မရှိစစ်ဆေးခြင်း၊ အရေးပေါ်မှန်ခွဲသည့် ကိရိယာနှင့် ရောင်ပြန်ပြား ပါ/မပါ စစ်ဆေးခြင်း၊ ကားတာယာကောင်း/မကောင်းစစ်ဆေးခြင်း၊ ယာဉ်မောင်းသူများ အရက်သေစာသောက်စားမှု ရှိ/မရှိ စစ်ဆေးခြင်း၊ မော်တော်ယာဉ်ကြွခိုင်မှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် ထိုင်ခုံခါးပတ် ပါ/မပါ စစ်ဆေးခြင်းတို့အပြင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနက မော်တော်ယာဉ်များအား စနစ်သစ် ဖောင်းကြွနံပါတ်တပ်ဆင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ခရီးစဉ်မထွက်ခွာမီ စစ်ဆေးခြင်း လုပ်ငန်းများကို တာဝန်ရှိသူများ စုပေါင်း၍ မကွေးမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်းတွင် တစ်လ လျှင်နှစ်ကြိမ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**





# ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနားကျင်းပ

**ဝါးခယ်မ ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေခယ်သီရိခန်းမ၌ ယနေ့နံနက် ၉ နာရီက တိုင်းရင်းသားအခွင့်အရေးဆိုင်ရာပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးစွာနေထိုင်ပြီး စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်က မြို့နယ်အတွင်း တိုင်းရင်းသားလူမျိုးစုအသီးသီး နေထိုင်မှုအခြေ အနေများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူး နော်သဝါးက အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၏ အခွင့်အရေးနှင့် လူမှုရေးပင်စင်ဆိုင်ရာကိစ္စရပ်များ၊ တိုင်းဒေသကြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဌာနမှူး ဒေါ်စန်းက တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် နည်းဥပဒေများအကြောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဌာနမှူး နန့်စီးဖောင်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်အရ တိုင်းရင်းသားစာပေသင်ကြားနိုင်သူစာရင်း စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

# မြန်မာထွက်ကုန် ပဲစင်းငုံအသစ်များ မန္တလေးဈေးကွက်အတွင်းသို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

၂၀၂၃ ခုနှစ် ပဲရာသီတွင် မြန်မာထွက်ကုန်ပဲစင်းငုံအသစ်များ မန္တလေးဈေးကွက်အတွင်းသို့ နယ်စုံဒေသမှ ယခုလအတွင်း၌ လှိုင်လှိုင်ဝင်ရောက်လာကာ အဖွင့်ဈေးကောင်းဖြင့် အရောင်းသွက်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ၎င်းပဲစင်းငုံအသစ်များကို တိုင်းဒေသကြီး၊ ပြည်နယ်စသည့်ဒေသများမှ လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ယခုနှစ် ပဲစင်းငုံများသည် ရာသီဥတုကောင်းမွန်မှုကြောင့် အထွက်နှုန်း အသင့်အတင့်ကောင်းကာ အရောင်အသွေးနှင့် အလုံးအဖန်များ ကောင်းမွန်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် နှစ်ကာလတုက ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၁၃၅၀၀၀ ရှိခဲ့ပြီး ယခုနှစ်တွင် လက်ရှိဈေးနှုန်းအနေဖြင့် ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၀၁၀၀၀ ပေါက်ဈေးဖြင့် အဖွင့်ဈေးကောင်းနေကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

“ပဲစင်းငုံကို မြန်မာလူမျိုးတွေက စားသုံးမှုနည်းပါတယ်။ အဓိက အိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ဓာတုကင်းစင်ပြီး အရသာမှာလည်း တမူထူးခြားတာကြောင့် ကြိုက်နှစ်သက်ပြီး ဝယ်ယူကြပါတယ်။ ထွက်ရှိတဲ့ ပဲစင်းငုံရာခိုင်နှုန်းပြည့်က ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ်တင်ပို့ရပါတယ်။ ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ ယခုနှစ်မှာ အိန္ဒိယနိုင်ငံအနေနဲ့ ပဲစင်းငုံက လိုအပ်ချက်တွေ များနေတယ်ဆိုတာ သတင်းများအရသိရပါတယ်။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ်ပါဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ်စတန်နိုင်ငံတို့ကလည်း နှစ်စဉ်ပုံမှန်ဝယ်ယူနေကြပါတယ်။ အဓိက ဖောက်သည်ကတော့ အိန္ဒိယနိုင်ငံဖြစ်တယ်။ ဒီအချိန်မှာ မကြံ့စဖူးဈေးတွေ မြင့်တက်လာတာပါ။ ရန်ကုန်ဈေးကွက် အနေနဲ့ကလည်း ပဲစင်းငုံ တစ်တန်ကို ၂၁၂၄၀၀၀(နှစ်ဆယ့်တစ်သိန်းနှစ်သောင်း လေးထောင်) ဈေးရှိနေပါတယ်။ ဒီပဲစင်းငုံက ဆောင်းသီးနှံအနေနဲ့ တစ်ရာသီသာ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံတွေဟာ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်" ဟု ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကြားဟူ၍ အမျိုးအစား သုံးမျိုးရှိကြောင်း၊ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံများကို စိုက်ပျိုးကြကြောင်း၊ ယခုနောက်ပိုင်းတိုးချဲ့စိုက်ပျိုးလာကြရာ ချင်း၊ ကယား၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း လာကြောင်း၊ ယင်းပဲစင်းငုံကို မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့ နှစ်နိုင်ငံသဘောတူညီချက် စာချုပ်ချုပ်ဆိုပြီး နှစ်စဉ်ဝယ်ယူနေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပဈေးကွက်အခိုင်အမာရှိနေသည့်အတွက် ပဲစင်းငုံကို တောင်သူများအနေဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**



# ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၌ လူငယ်စကားဝိုင်းကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အဆိုပါတက္ကသိုလ်ရှိခန်းမတွင် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ရာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်နယ်ဦးစီးမှူးဦးလှဌေးက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်နှင့် ကွန်ပျူတာတက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါ်သက်ရီတို့က အစီအစဉ်တင်ဆက်သူများအဖြစ်ဆောင်ရွက်ပြီး ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများဖြစ်သည့် မမေကျော်၊ မောင်စိုင်းဝိုင်ဝိုင်းအောင်၊ မောင်ကျော်စိုးမင်း၊ မောင်ဥက္ကာဉာဏ်တို့က လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ဘဝရည်မှန်းချက်၊ လူငယ်နှင့်အချစ်၊ လူငယ်နှင့်မူးယစ်ဆေးဝါးစသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူများက ဖြည့်စွက်ဆွေးနွေးပေးသည်။

ယင်းနောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ပြီး ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးအောင်သူက ပါဝင်ဆွေးနွေးသူများအား အမှတ်တရလက်ဆောင်နှင့် ကွန်ပျူတာတက္ကသိုလ်အတွက် အားကစားပစ္စည်းများကို လှူဒါန်းပေးအပ်သည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းနိုင်စိုးကလူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများအား ဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းနှင့်အတူ မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ စာအုပ်စာစောင်များဖတ်ရှုသည့် အလေ့အကျင့်ကောင်းများနှင့် စာဖတ်ရှိန်မြင့်မားရေး၊ အသိပညာဗဟုသုတတိုးပွားရရှိစေရေး စာအုပ်၊ စာစောင်များ ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ပွဲမဝင်ခင် ပြင်ဆင်မှတ်သား တို့ကျောင်းသား

နုခန့်ယဉ်(ရစ်ကန်ကြီး)

ယနေ့ခေတ်သည် ITနည်းပညာများထွန်းကားနေပြီး နည်းပညာစွမ်းရည်တို့ဖြင့် ဆန်းသစ်၍ လုပ်ငန်းပိုင်းဆိုင်ရာများကို ဆောင်ရွက်နေကြပြီဖြစ်သည်။ ထို့ကြောင့် အရွယ်ရောက်ပြီးသော လူသားတိုင်းသည် အတတ်ပညာများကိုမဖြစ်မနေ သင်ယူတတ်မြောက်ထားကြရပေမည်။ ပညာကို အခြေခံသော ပညာခေတ်ကို ရင်ပေါင်တန်းနိုင်ရန်အတွက် အတတ်ပညာများ ထိုက်သည့်အားလျော်စွာ တတ်မြောက်ထားကြရမည်။ လက်လှမ်းမီသမျှ လေ့လာဆည်းပူးကြရမည်ဖြစ်သည်။ ထို့ကြောင့် ပညာခေတ်အတွက် ဘဝတစ်ဆစ်ချိုးကို ပြောင်းလဲပေးနိုင်သည့် တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများအနေဖြင့် အထက်တန်းပညာပြီးမြောက်အောင်မြင်ရန် ကြိုတင်ပြင်ဆင်ကြရတော့မည်ဖြစ်သည်။

**“နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ နိုင်ငံပိုင်သတင်းစာများတွင်လည်း ဘာသာရပ်အလိုက်လေ့လာနိုင်ရန် သိမှတ်ဖွယ်ရာအခန်းကဏ္ဍများကို ဖော်ပြလျက်ရှိသည်။ ထိုအချက်များသည်လည်း စာမေးပွဲဖြေဆိုသူများအတွက် အထောက်အကူဖြစ်စေသောကြောင့် လေ့လာမှတ်သားကြရပေမည်။ ပညာရေးဂျာနယ်များတွင်ပါရှိသော သိမှတ်ဖွယ်ရာသင်ခန်းစာများကိုလည်း လေ့လာမှတ်သားကြရပါမည်။ စာမေးပွဲဖြေဆိုရန် အချိန်နီးကပ်နေပြီဖြစ်၍ သင်ခန်းစာများကို ကျက်မှတ်သည်ထက် ပြန်လည်လေ့လာပြီး စနစ်တကျမှတ်သားခြင်းက ပို၍တန်ဖိုးရှိပါသည်။ Review ဟူသော ပြန်လည်လေ့လာမှတ်သားခြင်းကသာလျှင် အကောင်းဆုံးသောရလဒ်ကို ပေးစွမ်းနိုင်ပေလိမ့်မည်”**

## မှတ်သားလိုက်နာပါ

တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန်အတွက် အချိန်သည် အလွန်ပင်နီးကပ်လာပြီဖြစ်သည်။ ထိုသို့နီးကပ်လာသည်နှင့်အမျှ မိဘများ၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအပေါ် ဂရုစိုက်မှုပိုမိုလာသကဲ့သို့ အရေးကြီးသည့်အချက်အလက်များ၊ ဆောင်ရန်ရှောင်ရန်များကို မနားမနေ မှာကြားကြတော့သည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် မိဘ၊ ဆရာသမားများ၏ မှာကြားချက်များကို သေချာစွာမှတ်သား၍ လိုက်နာကြရမည်။ ဆရာ ဆရာမများသည် သင်ကြားရေးအပိုင်းတွင် နှစ်ချီ၍သင်ကြားနေကြသူများဖြစ်သည်။ သင်ခန်းစာများ၏သဘောတရားများကိုလည်း များစွာကျွမ်းကျင်သူများဖြစ်ကြသည်။ စာမေးပွဲဖြေဆိုရန်နီးကပ်လာသည့်အခါ ဆရာ ဆရာမများအနေဖြင့် အရေးကြီးသည့်သင်ခန်းစာများကို ပြန်လည်သင်ကြားလေ့ကျင့်ပေးခြင်း၊ မှားယွင်းတတ်သည့် အချက်များကိုထောက်ပြ၍ အမှားအယွင်းမဖြစ်ရအောင် သတိပေးခြင်း၊ လေ့ကျင့်ခန်းသင်ခန်းစာများကို ထပ်ခါတလဲလဲ ပြန်လည်လေ့ကျင့်စေခြင်းများပြုလုပ်ပေးကြသည်။ ထိုအချိန်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် အထူးဂရုပြု၍ မှတ်သားလိုက်နာကြရပေမည်။

နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ နိုင်ငံပိုင်သတင်းစာများတွင်လည်း ဘာသာရပ်အလိုက်လေ့လာနိုင်ရန် သိမှတ်ဖွယ်ရာ အခန်းကဏ္ဍများကို ဖော်ပြလျက်ရှိသည်။ ထိုအချက်များသည်လည်း စာမေးပွဲဖြေဆိုသူများအတွက် အထောက်အကူဖြစ်စေသောကြောင့် လေ့လာမှတ်သားကြရပေမည်။ ပညာရေးဂျာနယ်များတွင်ပါရှိသော သိမှတ်ဖွယ်ရာသင်ခန်းစာများကိုလည်း လေ့လာမှတ်သားကြရပါမည်။ စာမေးပွဲဖြေဆိုရန် အချိန်နီးကပ်နေပြီဖြစ်၍ သင်ခန်းစာများကို ကျက်မှတ်သည်ထက် ပြန်လည်လေ့လာပြီး စနစ်တကျမှတ်သားခြင်းက ပို၍တန်ဖိုးရှိပါသည်။ Review ဟူသော ပြန်လည်လေ့လာမှတ်သားခြင်းကသာလျှင် အကောင်းဆုံးသောရလဒ်ကို ပေးစွမ်းနိုင်ပေလိမ့်မည်။

## ကိုယ်ပိုင်ဉာဏ်ဖြင့်မှတ်သားပါ

စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများစွာပြုလုပ်ကြရမည်။ သင်ခန်းစာများကို စိတ်ဖြင့်မှတ်ပါ၊ လက်ဖြင့်ရေးပါ၊ စာမေးပွဲခန်းမအတွင်း တစ်စုံတစ်ရာ အခက်အခဲရှိခဲ့သည့်တိုင်အောင် လက်ဖြင့်ရေးချထားခြင်းကြောင့် နှုတ်မှရွတ်ဆိုမှုမှားခဲ့သော်လည်း လက်မှအမှန်ရေးသားနိုင်ပါလိမ့်မည်။ သင်ခန်းစာများကို အော်၍ကျက်မှတ်ခြင်း၊ စိတ်ဖြင့်ကျက်မှတ်ခြင်းများထက် self education ဟူသော ကိုယ်တိုင်သင်ယူခြင်းဖြင့် လေ့လာကြရမည်။ ကိုယ်တိုင်သင်ယူခြင်းဆိုသည်မှာ ဆရာ ဆရာမများ၊ မိဘများက သင်ကြားပေးသည်ကို လိုက်နာသည့်အပြင် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းစဉ်းစား၍ နားလည်သဘောပေါက်စွာ မှတ်သားခြင်းကိုဆိုလိုပါသည်။ သို့မှသာ ဘယ်အချိန်ကာလရောက်သည်ဖြစ်စေ မိမိလေ့လာထားသော သင်ခန်းစာများကို အမှတ်တရရှိနေပေလိမ့်မည်။

နားမလည်သောသင်ခန်းစာများကို ဆရာ ဆရာမများ၊ သူငယ်ချင်းများနှင့် အပြန်အလှန်ဆွေးနွေး၍ မှတ်သားပါ။ မိမိကိုယ်တိုင်လည်း နားလည်သဘောပေါက်အောင် ပြန်လည်လေ့ကျင့်ကြရမည်။ အရေးကြီးသောဘာသာရပ်ဆိုင်ရာ ဖော်မြူလာများ၊ ဥပဒေသများကို အလွတ်ကျက်မှတ်သည်ထက် တွက်ချက်နည်းများ၊ ဖြစ်စဉ်များကို သေချာစွာ မှတ်သားရန်လိုအပ်ပါသည်။ ယခုကဲ့သို့ စာမေးပွဲနီးကပ်သောအချိန်တွင် အုပ်စုဖွဲ့၍ စာကျက်မှတ်ခြင်းထက် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် လေ့လာဆည်းပူးခြင်းက ပို၍ကောင်းမွန်ပါသည်။ စိတ်ထွေပြားမှု၊ စမ်းတဝါးဝါးဖြစ်မှုတို့ထက် မိမိပိုင်နိုင်သည်၊ မပိုင်နိုင်သည်ဟူသော သင်ခန်းစာများကို ခွဲခြားသိမြင်လာနိုင်သည်။ လိုအပ်သည့်အခါမှသာ နှီးနှောဆွေးနွေးခြင်းပြုလုပ်ကြရပေမည်။

## စိစစ်ရွေးချယ်ပါ

စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် စိစစ်ရွေးချယ်မှုသည် အဓိကအချက်ပင်ဖြစ်သည်။ ကျောင်းသား ကျောင်းသူတိုင်းသည် သင်ခန်းစာအားလုံးကို အလွတ်နီးပါးရကြသူများမှာ ရှားပါးပါသည်။ ဘာသာရပ်အလိုက်တွင်လည်း မိမိအားသန်ရာဘာသာရပ်တွင် ထူးချွန်ကြပြီး တချို့ဘာသာရပ်များတွင်လည်း အားနည်းတတ်သည်များရှိတတ်ကြသည်။ မိမိပိုင်နိုင်ပြီဖြစ်သော ဘာသာရပ်များရှိပြီး တစ်ဘာသာမျှအားနည်းနေလျှင်လည်း စိုးရိမ်ရပါသည်။ များသောအားဖြင့် မိမိပိုင်နိုင်သောဘာသာရပ်ကိုသာ ထပ်တလဲလဲလေ့လာပြီး မိမိမပိုင်နိုင်သောဘာသာရပ်ကို စိတ်ပျက်စွာ သာမန်မျှလေ့လာခြင်းမျိုးရှိကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် အန္တရာယ်များပါသည်။ ဘာသာရပ်တိုင်းအောင်မြင်မှသာ စာမေးပွဲအောင်မည်ကို သတိပြုကြရမည်။ မိမိပိုင်နိုင်သောဘာသာရပ်ကို ထပ်ခါတလဲလဲ လေ့လာသည့်အချိန်ကို အနည်းငယ်လျှော့၍ မပိုင်နိုင်သောဘာသာရပ်ကို ပိုမိုလေ့လာမှသာ အောင်မြင်စွာဖြေဆိုနိုင်မည်ဖြစ်သည်။

ဘာသာရပ်အလိုက် သင်ခန်းစာများတွင်လည်း မိမိပိုင်နိုင်သော သင်ခန်းစာနှင့် မပိုင်နိုင်သော သင်ခန်းစာဟူ၍ရှိတတ်ကြသည်။ စာမေးပွဲနီးကပ်ချိန်တွင် မပိုင်နိုင်သောသင်ခန်းစာအချို့ကို လျစ်လျူရှုသင့်သလောက် လျစ်လျူရှုကြရမည်။ အဘယ်ကြောင့်ဆိုသော် စိတ်ပူပင်သောကနှင့် မပိုင်နိုင်သောသင်ခန်းစာများကို အပူတပြင်း လေ့လာနေပါက ပိုင်နိုင်သောသင်ခန်းစာများလည်း ဝေဝါးသွားတတ်သည်ကို သတိပြုကြရမည်။ အချိန်ကိုအကျိုးရှိစွာ အသုံးချရမည့် အခြေအနေဖြစ်သောကြောင့် မိမိ၏စိတ်ကို စိစစ်ကြရမည်။ ပိုင်နိုင်သောသင်ခန်းစာများကို တစိုက်မတ်မတ် ရွေးချယ်ကျက်မှတ်ကြရမည်။

စာမေးပွဲခန်းမအတွင်းရောက်သည့်အခါ စိစစ်ရွေးချယ်မှုသည်လည်း အရေးကြီးပါသည်။ စာမေးပွဲခန်းမအတွင်းရောက်သည့်အခါ မေးခွန်းစာရွက်ကိုအစအဆုံး သေချာစွာဖတ်ရပါမည်။ မိမိသေချာပိုင်နိုင်စွာ ရရှိသောမေးခွန်းများကို စိစစ်ရွေးချယ်ကြရမည်။ ထိုသို့စိစစ်ရွေးချယ်မှုမှန်ကန်မှသာ လွယ်ကူစွာဖြေဆိုနိုင်ပြီး မိမိမျှော်မှန်းသည့် အခြေအနေသို့ရောက်ရှိမည်ဖြစ်သည်။ စနစ်တကျရွေးချယ်၍ ဖြေဆိုခြင်းကသာလျှင် မိမိအတွက် များစွာအကျိုးရှိပြီး စိတ်ကျေနပ်မှုရရှိနိုင်မည်ဖြစ်ပေသည်။

## စိတ်ကိုပြင်ဆင်ပါ

လူတို့၏လိုအင်ဆန္ဒဟူသမျှကို စွမ်းဆောင်ပေးနိုင်သောစွမ်းအားသည် လူတို့၏စိတ်၌သာ မူတည်နေသည်။ လူသားတို့၏အပြောအဆို၊ အပြုအမူဟူသမျှကို စိတ်ကသာ ဦးဆောင်နေပေသည်။ ထို့ကြောင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ကို ပြင်ဆင်ကြရမည်။ ကျောင်းသား ကျောင်းသူတချို့သည် စာမေးပွဲဟူသောအသံကြားသည်နှင့် စိတ်လှုပ်ရှားတတ်ကြသည်။ ကျက်မှတ်ထားသောသင်ခန်းစာများကိုပင် မေ့လျော့သွားတတ်ကြသည်။ စာမေးပွဲဖြေဆိုရာတွင် အောင်မြင်ခြင်းနှင့် ကျရှုံးခြင်းဟူသော ရလဒ်နှစ်ခုထဲမှ တစ်ခုကိုပိုင်ဆိုင်ကြရမည်သာဖြစ်သည်။ ထိုရလဒ်နှစ်ခုမှ အောင်မြင်ခြင်းကိုသာ လူတိုင်းလိုချင်ကြလိမ့်မည်။ ထို့ကြောင့် စာမေးပွဲဖြေဆိုသည့်အခါ အောင်ကိုအောင်ရမည်၊ ဖြေဆိုနိုင်ရမည် ဟူသောစိတ်ကိုသာနှလုံးသွင်း၍ ကြောက်ရွံ့စိုးရိမ်ခြင်းကို ပယ်ဖျောက်ထားကြရမည်။

တချို့သော ကျောင်းသား ကျောင်းသူများသည် အထူးအောင်အဆင့်ကို မျှော်မှန်းကြသည်။ သို့သော်လည်း စာမေးပွဲဖြေသည့်အခါ ကျက်မှတ်ထားသည့် သင်ခန်းစာများပါပါ့မလားဟု အတွေးများတတ်ကြသည်။ ထိုအတွေးများသည် မိမိ၏စိတ်ခွန်အားကို ထိခိုက်စေပါသည်။ မိမိအလုပ်သည် ဖြေဆိုရမည့် အလုပ်ဖြစ်သည်ဟုသာ တွေးတော၍ ဖြေဆိုကြရမည်။ တခြားသောဖိအားဖြစ်စေမည့် အတွေးများကို ရှောင်ရှားကြရမည်။ ဂုဏ်ထူးရလိုဇောနှင့် မိမိမပိုင်နိုင်သော မေးခွန်းများကို ဦးစွာဖြေဆို၍ အချိန်ကုန်ခံခြင်းမျိုး မပြုလုပ်သင့်ပေ။ စိတ်ထွေပြားခြင်းသည် အရာရာတိုင်းကိုလွဲချော်စေနိုင်သောကြောင့် ဆုံးဖြတ်ချက်ခိုင်မာစွာချပြီး ပေါ့ပါးစွာဖြေဆိုနိုင်ရန် မိမိတို့၏စိတ်ကို ပြင်ဆင်ထားကြရပေမည်။

## မိဘ၊ ဆရာ၊ ကျောင်းသား ညီမျှပါစေ

စာမေးပွဲနီးကပ်လာချိန်တွင် မိဘ၊ ဆရာ၊ ကျောင်းသားတို့သည် သဘောထားညီမျှရန်လိုအပ်ပါသည်။ မိဘများသည် မိမိ၏သားသမီးများကို “ဆင်စီးမြင်းရံ” ဖြစ်စေချင်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော် မိမိတို့၏တိုက်တွန်းချက်များသည် မိမိတို့သားသမီးများအတွက် ဖိအားတစ်ခုမဖြစ်စေရန် သတိပြုကြရမည်။ မိမိ၏သားသမီးများကို စောင့်ကြည့်ပါ။ အားပေးပါ။ မိမိတို့ဖြစ်စေချင်သည့် ဆန္ဒကို ထပ်ခါတလဲလဲ ထုတ်ဖော်ပြောကြားပြီး မိမိ၏သားသမီးများ စိတ်ထွေပြားမှုဖြစ်ရန် မပြုလုပ်သင့်ပေ။ စိတ်ဓာတ်ကျဆင်းစေသော အပြောအဆိုများ၊ အပြုအမူများဖြင့် သားသမီးများအား မဆက်ဆံမိစေရန် သတိပြုကြရပေမည်။


ဆရာ ဆရာမများအနေဖြင့်လည်း မိမိ၏တပည့်များအား “ဆရာ့ထက်တပည့်လက်စောင်းထက်”သည်ကို မြင်ချင်သည်မှာ အမှန်တရားပင်ဖြစ်သည်။ သို့သော်လည်း မိမိတို့သင်ကြားမှုအားလုံးကို တပည့်များက တစ်သဝေမတိမ်းကျက်မှတ်နိုင်သူမှာ နည်းပါးသည်ကို သတိပြုကြရမည်။ မိမိတပည့်များ၏ အားနည်းချက်၊ အားသာချက်များအပေါ်တွင် သာမူတည်၍ ဖြည့်စွက်ပေးခြင်းသာလျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိ၏ကိုယ်ပိုင်ဉာဏ်၊ မိမိ၏အားသာချက်၊ အားနည်းချက်၊ မိမိ၏စွမ်းဆောင်နိုင်မှုတို့ကို မိဘဆရာသမားများအား ပွင့်လင်းစွာ ပြောဆိုအသိပေးကြရမည်။ သို့မှသာ မိဘ၊ ဆရာ၊ ကျောင်းသားများ ဟန်ချက်ညီသော ဆောင်ရွက်ချက်ဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

## ပွဲမဝင်ခင်က ပြင်ဆင်ကြ

စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် စာမေးပွဲဟူသော ပြိုင်ပွဲမဝင်ခင်ကတည်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရမည်။ ကြိုတင်ပြင်ဆင်ခြင်းသည် စိတ်တည်ငြိမ်မှုကို ရရှိစေရုံသာမက အမှားအယွင်းနည်းပါးစေပါသည်။ မည်သို့သောအခက်အခဲ၊ လွဲချော်မှုများရှိစေကာမူ လွယ်ကူစွာဖြင့် ကျော်ဖြတ်နိုင်ပေလိမ့်မည်။ ဘဝ၏တစ်ဆစ်ချိုးသည် အလွန်ပင်အရေးကြီးပါသည်။ ပညာခေတ်ရောက်ပြီဖြစ်၍ ပညာတစ်ခုကိုအောင်မြင်စွာရယူနိုင်ရန် ကြိုးစားကြရပေမည်။ ထို့ကြောင့် မိမိတို့၏ ကိုယ်စိတ်နှလုံးသုံးပါးလုံးအား အကောင်းဆုံးပြင်ဆင်ပြီး အောင်မြင်သော အနာဂတ်မျိုးဆက်ကျောင်းသားလူငယ်များ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် အကြံပြုရေးသားလိုက်ရပါသည်။ ။

ဝတ္ထုတို

## ပိုင်ပိုင်




(၁)

“အငယ်လေး...ထတော့ကွာ။ ကိုကြီး ထမင်းကြော်ခဲ့တယ်။ ကျောင်းမသွားခင် အဝတ်လျှော်ခဲ့ဦး။ ကိုလတ်က ခိုင်းရမှာ မဟုတ်ဘူး”

“ဟုတ်ကဲ့ပါ”

သည်အိမ်မှာ ကျွန်တော်က အငယ်ဆုံး။ ကိုကြီး မင်းဦး၊ ကိုလတ် မင်းလတ်၊ ကျွန်တော် မင်းထွေး။ အမျိုးများက သရော်တော်တော်ပြောသည့် စကားက မင်းမျိုးများဟူ၏။ အဖေ ဦးမင်းဆွေ အမေဒေါ်မြတ်မင်းနှင့် သားသုံးဦးက တစ်ချိန်ကတော့ ပျော်စရာမိသားစုပင်။ အမေ၏ဝါသနာက နေရာအစုံတွင် ဖဲလှည့်ရိုက်ခြင်းဖြစ်၏။ အဖေ၏ဝါသနာကတော့ အရောင်းအဝယ် ကုန်သည်ပွဲစား အလုပ်နှင့်နွယ်ကာ တစ်ရွာတစ်ကျီ ဆောက်ခြင်းပင်။ သည်လို မကောင်းခြင်း ဝါသနာဖက်နေကြတော့ မိသားစုအတွင်း အိမ်တွင်းမီးတငွေ့ငွေ့လောင်ကာ အဖေနှင့် အမေ ကွဲကြသည်။

“သားတွေ မွေးထားတာ ဟေ့... လောကကို ငါမကြောက်ဘူး။ ထွက်သွားစမ်း၊ နင့်ရဲ့နံ့ပါတ်တစ် မိန်းမနေရာမှာ ငါ မနေဘူး။ ပြတ်သားစမ်းဟေ့။ တစ်ခါတည်း ကွာရှင်းမယ်”

အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အဖေအိမ်မှထွက်သွားသည်။ အမေက ကုန်စိမ်းထွက်ရောင်းသော်လည်း အဆင်မပြေပါ။ ကျွန်တော်နှင့် ကိုလတ်ကို ကျောင်းဆက်ထားရန်ပင် ခက်ခဲလာ၏။ အမေ့၏အတ္တ မာန ရှေ့တန်းတင်လိုက်သောအခါ အရွယ်မရောက်သေးသော ကိုကြီး ကျောင်းထွက်ပြီး အလုပ်လုပ်ရသည်။ “အစ်ကိုကြီး အဖအရာ” တာဝန်ကျေလှ၏။ အမေချစ်သားပီပီ အမေ့ကို အပြစ်တစ်ခွန်းမပြောချေ။ ကိုကြီးက ရည်မွန်ပါးနပ်လွန်းသည်။ ကျောက်သွေး၊ ကျောက်ဖြတ်လက်ခစားလုပ်ရင်းမှ ဆရာကောင်းတွေ့ကာ ကျောက်အရည်အသွေး အကြောင်းကို သင်ယူသည်။ ကျောက်အကြောင်း နားလည်လာပြီးနောက်တွင်တော့ မန္တလေးမြို့ရှိ ကျောက်ဝိုင်းများထိ ကျောက်ပွဲစားအဖြစ် ဝင်ဆံ့လာသည်။ အမေကတော့ ဝါသနာမလျှော့ အပြုံးမပျက် ဖဲရိုက်လျက်သာ။ ကိုကြီးရှာဖွေနိုင်လေ အမေ့ဝါသနာ ပိုအားကောင်းလေလားမဆိုနိုင်ပေ။ ဆယ်တန်းကျောင်းသား ကိုလတ်က အမေ့ကြောင့် အရှက်ရသည်၊ လောင်းကစားသမားသား အပြောခံရတာ ရင်နာသည်ဟု ခဏခဏပြော၏။ ရှစ်တန်းကျောင်းသား ကျွန်တော်ကတော့ မိသားစု အရေး သိပ်မဝေဖန်တတ်ပါ။ ကိုကြီးသည်သာ ကျွန်တော်၏ အားထားရာ။

(၂)

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာသည့်နောက်တော့ အမေ ကျန်းမာရေး မကောင်း၍ ကိုကြီးက ဈေးရောင်း မခိုင်းတော့ပါ။ ကျွန်တော်တို့ညီအစ်ကို နှစ်ဦးအား မကောင်းတာမလုပ်ရန်၊ စာကြိုးစားရန်၊ ဘဝတိုးတက်မြင့်မားရေးရှေးရှုရန် ကိုကြီးက အမြဲသွန်သင်ဆုံးမသည်။

“ဘယ်လို ကိုလတ်။ မင်းကွာ...ဒီနှစ်မှ ကျောင်းပြီးလို့ အလုပ်ဝင်စရှိသေး။ မိန်းမ ယူတော့မယ် ဟုတ်လား”

“အေးလေ။ ယူပါစေဟေ့...သူ့အိမ်ရှိတော့ရော ဘာအားကိုးရလို့လဲ။ သူ့လစာလည်း ငါစားရဖို့ မမျှော်ခဲ့ပါဘူး။ သူ့အဖေလိုပဲ တစ်ကိုယ်ကောင်း စိတ်ဓာတ်နဲ့ ကောင်”

“အမေကရော ဘာထူးလဲ။ အမေ့ဝါသနာဖျောက်လို့လား။ အဖေ့ကို အပြစ်ပြောနေရအောင် အမေကရော မိန်းမ ပီသပြီး အိမ်ထောင်သာယာအောင် ထိန်းခဲ့လို့လား”

“အမယ်လေး...လေး...ဘွဲ့လေးရ၊ အလုပ်လေးရတော့ မအေကို အာခံပြီးပြောပြီပေါ့”

“အမေ့ကို အာခံတာမဟုတ်ဘူး။ ကိုကြီးကောင်းလို့ ကျွန်တော်တို့ ညီအစ်ကို လူတောတိုးနိုင်တာ”

“တော်ပါ ကိုလတ်ရာ။ အမေကအသက်ကြီးပါပြီ။ သွေးတိုးရောဂါရှိနေတာလည်း မင်းသိသားနဲ့။ အမေလည်း ဘာမှမပြောတော့နဲ့နော်။ ကိုလတ်မင်္ဂလာကိစ္စ ကျွန်တော် ကြည့်လုပ်ပေးရမှာပေါ့”

ထုံးစံအတိုင်းပင် အမေက စိတ်ကြီးကာ သွေးတိုး၏။ အမေချစ်သားကြီး ပျာယာခတ်ရပြီ။ ကိုလတ်ကတော့ သူ့လိုအင်ပြည့်တော့မည်ဖြစ်၍ ကျေနပ်နေသည်။

“အမေ ...ဆေးသောက်မယ်နော်။ စိတ်လျှော့ပါ အမေရာ။ အတောင်စုံရင် ပျံသန်းကြတာ သဘာဝလေ။ ကျွန်တော်နဲ့ အငယ်လေး အမေ့နားမှာ ရှိနေတာပဲ။ ပြီးတော့ အမေ အိမ်မလည်ပါနဲ့တော့ဗျာ။ ခုတလော ကျိတ်ဝိုင်းတွေ ဖမ်းနေတယ် အမေရဲ့။ ကျွန်တော် အလုပ်သာသွားနေရတာ အမေ့ကို စိတ်ပူတယ်”

“အေးပါ သားကြီးရယ်”

အမေက ထိုသို့ပင်။ အေးပါဆိုသော်လည်း အေးအေးမနေပါ။ ကိုလတ်ကို တစ်ကိုယ်ကောင်းဆန်သူဟု ကျွန်တော် မပြောလိုပါ။ နည်းပညာတက္ကသိုလ်မှ ဒီပလိုမာရပြီး စည်ပင်ရုံး၌ အငယ်တန်းအင်ဂျင်နီယာအလုပ်ရသော ကိုလတ်သည် ကိုကြီးကို ငဲ့ညှာသင့်သည်။ မိန်းမ တောင်းနိုင်ရန် ကိုယ့်ဘာသာ စုဆောင်းသင့်သေးသည်ဟု ကျွန်တော်ယူဆမိသည်။ ကျွန်တော် ပညာရေးတက္ကသိုလ် တတိယနှစ်တက်နေ၏။ ကိုကြီးက ကျောင်းစရိတ်လုံလောက်အောင် ပေးထားလည်း ကျွန်တော် အရာရာချွေတာသုံးစွဲသည်။ ဘွဲ့ရပြီးလျှင် ကျောင်းဆရာဘဝဖြင့် အမေနှင့် ကိုကြီးကို လုပ်ကျွေးပြုစုမည်။

(၃)

“အမေရယ်။ ကိုလတ် ဂုဏ်မငယ်အောင် မိန်းကလေးဘက်က တောင်းဆိုတာ လုပ်ပေးရမှာပေါ့။ အိမ်ဝိုင်းလေး ပိုင်းရောင်းရမယ်လေ။ ခုတလော အမေ့ကျန်းမာရေးလည်း အားမရပါဘူး။ မန္တလေးက အထူးကုဆေးခန်း သွားပြရမယ်”

“အမေက နေကောင်းပါတယ်။ အိမ်ဝိုင်း ပိုင်းရောင်းရမှာတော့ စိတ်မကောင်းဘူး”

မျက်ရည်ဝဲကာ ပြောနေသော အမေ့ကို ကိုကြီးက ဖက်ထားပါသည်။ ကိုလတ်က မတုန်မလှုပ်။ ကျွန်တော် သက်ပြင်းခိုးချမိ၏။ ကိုကြီး စီစဉ်ပေး၍ ကိုလတ်မင်္ဂလာဆောင်တင့်တယ်ခဲ့သည်။ အမေသည်လည်း ဝါသနာစွန့်လာနိုင်ပြီ။

“သားငယ်လေး ဘွဲ့ယူပြီးရင်တော့ အမေစိတ်အေးရပြီ။ သားကြီး မင်းလည်း အိမ်ထောင်ပြုလေကွယ်။ အသက်ကြီးရင် ဆေးပေးမီးယူလိုအပ်တယ်”

“အငယ်လေးကိုသာ မိန်းမ ယူခိုင်းပါ အမေရာ။ ဟေ့... အငယ်လေး မိန်းမယူမယ်ဆိုရင် ကြိုပြောနော်။ ခုကတည်းက မင်းကို မိန်းမတောင်းပေးဖို့ ကိုကြီး အလုပ်ပိုကြိုးစားရတော့မှာကွ”

“ဟာဗျာ....မိန်းမ မစဉ်းစားပါဘူး။ ဘွဲ့ရပြီးရင် အလုပ်ဝင်မယ်။ အမေနဲ့ ကိုကြီးကို ပြန်ရှာကျွေးမယ်”

“လိမ္မာလိုက်တဲ့ ငါ့ညီလေး”

အာလုတ်သံနှင့် ချီးကျူးလိုက်သော ကိုကြီးကို ကျွန်တော် အလွန်ချစ်သည်။

(၄)

“အမေ...မျက်နှာမကောင်းပါလား။ ဘာဖြစ်လာတာလဲ”

“နောက်ကို ကိုလတ်အိမ် အမေ မသွားတော့ဘူးကွယ်။ သူ့ယောက္ခမက အမေ့ကို စကားတွေ စောင်းမြောင်းပြောလိုက်တယ်။ စာရိတ္တကောင်းမှ လူဝင်ဆံ့လို့ ရသတဲ့။ မြေးလေးကိုလည်း စာရိတ္တကောင်းဖို့ သေချာသင်ပေးရမတဲ့လေ”

“ဟင်...”

နောင်တမျက်ရည်တွေ ကျနေသော အမေ့ကို သနားမိသည်။ အရွယ်ကောင်းစဉ်ကရှိခဲ့သော မာနတွေ၊ ဝါသနာတွေ အားလုံးစွန့်ကာ “သားအချစ် မြေးအနှစ်” ဆိုသလို ကိုလတ်တို့ မွေးထားသော သားသား လွင်ကိုဦးကို အမေသိပ်ချစ်သည်။ မြေးဦးလေးအတွက် မုန့်များဝယ်ကာ မြို့ထဲတွင်ရှိသော ကိုလတ်အိမ်သို့ အမေ ခဏခဏသွားသည်။

“ကိုယ့်မြေးလေးဆီသွားတာပဲ အမေရယ်။ ဘယ်သူဘာပြောပြောပေါ့။ အမေ့ဝါသနာလည်း စွန့်ပစ်တာကြာပြီပဲဟာ။ သွားသာသွားပါ။ အမေ စိတ်ချမ်းသာအောင်နေပါ”

“ဟုတ်ပါတယ် အမေရာ။ ကိုကြီးလည်း မိန်းမယူတော့၊ အမေ့ကို မြေးထိန်းခိုင်းရအောင်။ ဒါမှ အမေ အသက်ရှည်မှာ...ဟဲ..ဟဲ”

“ဟာ...ကိုကြီး မိန်းမ မယူပါဘူး။ မင်းလည်း အလုပ်ဝင်နေတာ နှစ်နှစ်ကျော်ပြီ။ မင်း မိန်းမယူတော့”

အထက်တန်းပြ ကျောင်းဆရာ ကျွန်တော့်မှာ ရည်းစားပင်မရှိသေးပါ။

“ကိုကြီးက ဘာလို့ မိန်းမ မယူချင်တာလဲ။ ရည်းစားရော မရှိခဲ့ဘူးလား”

“ဟိုတစ်ချိန်ကတော့ ရည်းစားရှိခဲ့တာပေါ့ကွာ။ သူက တောင်မြို့သူလေ။ သူ့မှာ မိဘတွေ မရှိကြတော့ဘူး။ သူ့အုပ်ထိန်းသူ အဒေါ်နဲ့ လာတွေ့ဆိုလို့ ကိုကြီးသွားတွေ့ခဲ့တာပေါ့”

“ဟုတ်လား။ အဆင်မပြေခဲ့ဘူးလား”

ဆွေးမြည့်စွာပြောပြနေသော ကိုကြီးကို ကျွန်တော်နှင့် အမေ ကရုဏာသက်စွာ ငေးကြည့်မိသည်။

“ဟုတ်တယ်။ မိဘတွေ အကြောင်းမေးတော့ အဖေက သူနဲ့ငြိစွန်းဖူးသူဖြစ်နေရောလေ။ အဖေက သူ့ကို လူပျိုဟန်ဆောင်ပြီးညာခဲ့တယ်တဲ့။ အဖေ့သားက အဖေ့လို မြာပွေ့သူဖြစ်မှာစိုးလို့ သူ့တူမနဲ့ လုံးဝ သဘောမတူဘူးတဲ့။ ကိုကြီးကို ရန်တွေ့လွှတ်တယ်။ ကိုကြီးလည်း ကျိတ်မှိတ်ပြီး အသည်းကွဲခဲ့တာပေါ့ကွာ”

“ဟင်... သားကြီးကလည်းကွယ်။ တခြားမိန်းကလေးရှာလေ။ အမေ့သားကြီးလို ရိုးသားအေးဆေးတဲ့သူအတွက် မိန်းမ မရှားပါဘူး”

အမေက မျက်ရည်များ ရစ်သိုင်းကာ စိတ်မကောင်းစွာ ပြောသည်။

“တော်ပါပြီအမေရယ်။ မျိုးရိုးဗီဇဆိုတာရှိလည်း သားတို့ ညီအစ်ကိုတွေမှာ မကောင်းတဲ့ ဗီဇမရှိတာ လူတိုင်းမသိကြဘူးလေ။ အဖေ့ရဲ့ အရိပ်မည်းကိုသာ မြင်တတ်နေကြတာ။ နောက်ထပ် ဘယ်မိန်းကလေးကိုမှလည်း မချစ်တတ်တော့ပါဘူး”

“အမယ်လေး...ကိုမင်းဆွေရေ...ရှင့်ရဲ့ အပျော်ရှာတတ်တဲ့ မကောင်းတဲ့ အကျင့်ဆိုးကြီးအရိပ်က ကျုပ်သားအပေါ် မိုးနေပါပေါ့လား..အီး..ဟီး..ဟီး”

ညိုးငယ်စွာ ပြောလိုက်သော ကိုကြီးကိုကြည့်ပြီး ရင်ဘတ်ထုကာ အမေ ငိုပါတော့သည်။

“အမေရယ်။ ဘယ်ဆီရောက်နေမှန်း မသိတဲ့ အဖေ့ကို တပြီး ငိုမနေပါနဲ့။ အမေ ပင်ပန်းပါတယ်”

“ဟုတ်ပါတယ် အမေရာ။ သားသမီးဆိုတာကလည်း မိဘကိုရွေးချယ်ခွင့် မရှိပါဘူး”

“အဖေတို့ အမေတို့ရဲ့ မကောင်းတဲ့ ဝါသနာကို သားတို့ညီအစ်ကိုတွေက သိမြင်ရှောင်တတ်ခဲ့တာကို အမေ ကျေနပ်ဝမ်းသာပါ”

“အေးပါကွယ်။ အမေ့သားတွေကလေ မိဘတွေရဲ့ စာရိတ္တအကျင့်ဆိုး ရွှံ့နွံတွေ အပေါ်က ရုန်းထွက်ပြီး ပွင့်လာကြတဲ့ အရဟာဦးမှာ ပွင့်တဲ့ကြာပန်းတွေပါကွယ်။ သားတို့ကို အမေ ကျေးဇူးအများကြီးတင်ပါတယ်။ အဟင့်...ဟင့်”

ကျွန်တော်နှင့် ကိုကြီးက အမေ့ကို တစ်ဖက်စီမှဖက်ကာ မျက်ရည်သုတ်ပေးလိုက်ပါသည်။ ။

## မျိုးဆက်သစ်ပျိုးခင်း ကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ပညာတန်ဖိုး ချစ်မြတ်နိုး

- ထိုးထွင်းကြည့်လို့ မြင်နိုင်တာ
အသိဉာဏ်ပညာ၊
စိန်ပွင့်ပမာ အရောင်တောက်
အမှောင်ကွယ်လို့ပျောက်။
- ထွန်းပေါက်နိုင်ဖို့ အမြဲလေ
ပညာလိုအပ်ပေ၊
အခက်ခဲတွေ ဖြတ်ကျော်သွား
ပညာစွမ်းပကား။
- စိတ်ဓာတ်ခွန်အား ရဖို့ကွယ်
စာပေဖတ်ရှုမယ်၊
အသိကြွယ်လို့ ဉာဏ်ရည်တိုး
ထမ်းရွက်ပြည့်အကျိုး။
- အကောင်းအဆိုး ခွဲနိုင်လျှင်
လမ်းမှန်ရောက်မည်ပင်၊
တိုးတက်ပျော်ရွှင် ချမ်းမြေ့ကြ
အောင်မြင်မှုတွေရ။
- လူတို့ဘဝ လှဖို့ဆို
ပညာရှာစေလို၊
အနာဂတ်ကို ကြိုတင်တွေး
ပညာအမွေပေး။ ။

ခင်နွဲ့မူ(ပုလဲ)

## "သာယာငြိမ့်ညောင်း နွေတပေါင်း"

ခါနွေဆန်းစ မိန်ရာသီ
ပွင့်ကြခါတော်မီ။
သရဖီရယ် ကံ့ကော်ပန်း
မွှေးပျံ့ကြိုင်လို့လန်း။
နေ့ပူညချမ်း တောင်လေလာ
မြူခိုးငွေရောင်ဖြာ။
ရွက်ဟောင်းကြွေကာ ရွက်နုသစ်
ဂိမှာန်ကိုဖွင့်လှစ်။
တေးဆိုကာဟစ် နွေကိုကြို
ဥသြငှက်ငယ်ပျို။
ထနောင်းကုက္ကို ပင်ယံဦး
ချိုးသံတကူကူး။
သဒ္ဒါဖော်ကျူး နှစ်စဉ်နော်
ကျင်းပကုသိုလ်တော်။
မြစ်သောင်ယံပေါ် တူယှဉ်နွဲ့
သဲပုံစေတီပွဲ။
တို့မြန်ပြည်ထဲ ရှခင်းစုံ
ခြယ်သပန်းချီပုံ။
စာသမကုန် သာယာကြောင်း
လှပနွေတပေါင်း။ ။

သာကီနွယ်{ညောင်ရမ်း}

ဆောင်းပါး

# အချိန်ဆိုသော အရင်းအမြစ်ကို ကောင်းစွာအသုံးချစေလို

## မင်းသိန်းထက်(ဇလပ်မြေ)

အချိန်သည် ကျွန်ုပ်တို့လူသားများအတွက် အလွန်တန်ဖိုးကြီးမားသော အရင်းအမြစ်တစ်ခု ဖြစ်သည်။ ရှေးအခါကလည်း အချိန်သည် လူသားတို့အတွက် ကြီးမားသောအရင်းအမြစ်တစ်ခု ဖြစ်ခဲ့သည်။ ထို့အတူ ယနေ့ခေတ် သတင်းအချက်အလက်နှင့် နည်းပညာကာလတွင်လည်း အချိန်သည် ကျွန်ုပ်တို့အတွက် အလွန်အရေးပါသော အရင်းအမြစ်အဖြစ် ဆက်လက်၍ရှိနေဆဲပင်ဖြစ်သည်။ အချိန်သည် အထူးတလည် ကြိုးစားအားထုတ်၍ ရှာဖွေရန်မလိုအပ်သကဲ့သို့ ငွေကြေးဖြင့်ဝယ်ယူရန်လည်း မလိုအပ်သည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် အချိန်ကုန်သွားတာ မြန်လိုက်တာဆိုသော စကားမျိုး၊ အချိန်မလောက်ဘူးဆိုသောစကားမျိုးကို မကြာခဏ ကြားရတတ်ပါသည်။

ကျွန်ုပ်တို့အတွက် ကုန်ဆုံးနေသောအချိန်ကို မကုန်ဆုံးစေရန် ထိန်းချုပ်၍ မရနိုင်ပေ။ သို့သော် မည်သို့မည်ပုံ ကုန်ဆုံးစေမည်ဆိုသည်ကို ကျွန်ုပ်တို့ကိုယ်တိုင် စီမံနိုင်ပါသည်။ ထို့ကြောင့် မိမိတို့၏ လက်ရှိအချိန်ကို အထိရောက်ဆုံးနှင့် အကောင်းမွန်ဆုံးဖြစ်စေရန် စီမံအသုံးပြုရပါမည်။ ထိုသို့ မိမိတို့၏ နေ့စဉ်အချိန်ကို အကောင်းဆုံးဖြစ်အောင် စီမံအသုံးပြုနိုင်ရေးအတွက် အောက်ဖော်ပြပါအချက်များကို မှတ်သားပြုလုပ်ကြရန် လိုအပ်ပါသည်။

**(၁) မိမိတို့၏ နောက်တစ်နေ့ကိစ္စရပ်များကို ညအချိန်ကပင် ကြိုတင်စီစဉ်ထားပါ**

မိမိတို့၏ တစ်နေ့တာလုပ်ဆောင်ရန် ရည်မှန်းထားမှုများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်စေရန် ကြိုးစားကြရပါမည်။ ထို့ပြင် နောက်တစ်နေ့တွင် လုပ်ဆောင်ရမည့် ကိစ္စရပ်အားလုံးကို စာရွက်ပေါ်တွင်ဖြစ်စေ၊ စာအုပ်ထဲတွင်ဖြစ်စေ ရေးချထားရပါမည်။ ဆက်သွယ်ရန်ကိစ္စများနှင့် ပတ်သက်၍ တယ်လီဖုန်းနံပါတ်၊ လိပ်စာ၊ လိုအပ်မည့် စာရွက်စာတမ်းများ စသည့်သတင်းအချက်အလက်များကိုလည်း စုစည်းထားရပါမည်။

**(၂) ဦးစားပေးလုပ်ရမည့် ကိစ္စရပ်များကို စာရင်းပြုစုထားပါ**

မိမိလုပ်ဆောင်ရမည့် ကိစ္စများကို တစ်ခုချင်းစီ အမှတ်စဉ်တပ်ပါ။ အရေးကြီးဆုံးနှင့် အခက်ဆုံး ကိစ္စများကို ပထမဆုံးလုပ်ဆောင်ပါ။ လူသားအများစုသည် သဘာဝအားဖြင့် အလွယ်ကူဆုံးကိစ္စကို ပထမဆုံး ပြုလုပ်လိုစိတ်ရှိတတ်ပါသည်။ ထိုသို့ လွယ်ကူသော ဆောင်ရွက်ဖွယ်ရာများကို ပြုလုပ်နေစဉ်တွင် ခက်ခဲသည့်ကိစ္စရပ်ကို ပြုလုပ်ရန် ကျန်ရှိနေသေးသည်ဟု စိတ်ထဲတွင် ထင်ဟပ်လာမည်ဆိုလျှင် အလုပ်အပေါ် အာရုံစူးစိုက်မှု လျော့နည်းသွားနိုင်ပါသည်။ အခြားတစ်ဖက်တွင် ခက်ခဲသောအလုပ်များကို ဆောင်ရွက်ပြီးစီးသွားပါက လွယ်ကူသော ကိစ္စရပ်များကို စိတ်ပါလက်ပါဖြင့် လုပ်ဆောင်လိုစိတ်များ ဖြစ်ပေါ်လာတတ်ပါသည်။ ထို့ကြောင့် ဦးစားပေးအလုပ်ကိစ္စများကို စနစ်တကျ အမှတ်စဉ်တပ်ပြီး ပြုလုပ်သင့်ပါသည်။

**(၃) မိမိပြုစုထားသော ဦးစားပေးကိစ္စရပ်များအတိုင်း အတတ်နိုင်ဆုံး လိုက်နာဆောင်ရွက်ပါ**

ကိစ္စရပ်တစ်ခုကို ဆောင်ရွက်ပြီးသွားပါက မိမိမှတ်သားထားသည့်စာရင်းမှ ပယ်ဖျက်လိုက်ပါ။ ထို့ပြင် မိမိ၏အာရုံကို မလွင့်ပါးစေရန်အတွက် ထိန်းချုပ်ပါ။ ဖုန်းအသုံးပြုနေရင်း ဖုန်းပြောလိုစိတ်၊ အင်တာနက်မှ ရောက်ရှိလာသည့် အီးမေးလ်များကို ပြန်လည်ဖြေကြားလိုစိတ်များလည်း ဖြစ်ပေါ်တတ်ပါသည်။ အီးမေးလ်များကို တစ်ချိန်လုံး ဝင်ရောက်ကြည့်ရှုခြင်း၊ ဖြေကြားခြင်းမှ ရှောင်ကြဉ်ပါ။ နှစ်နာရီလျှင် တစ်ကြိမ် (သို့မဟုတ်) သုံးနာရီလျှင် တစ်ကြိမ် စသည်ဖြင့် အီးမေးလ်များကို စစ်ဆေးခြင်းပြုလုပ်နိုင်ပါသည်။

**(၄) အလုပ်ကို အချိန်ဆွဲ၍ လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ပါ**

အလုပ်ကိုအချိန်ဆွဲ၍ လုပ်ဆောင်ခြင်းမှာ မိမိတို့၏ တန်ဖိုးရှိသောအချိန်များကို အချည်းနှီးကုန်ဆုံးစေခြင်းပင်ဖြစ်သည်။ မိမိလုပ်ဆောင်ရမည့် အလုပ်တစ်ခုကို အချိန်ဆွဲခြင်း၊ ရွှေ့ဆိုင်းထားခြင်းဖြင့် အလုပ်အပေါ်တွင် ချီတုံချတုံဖြစ်ခြင်းနှင့် ပြန်လည်သုံးသပ်စဉ်းစားခြင်းများကို ဖြစ်ပေါ်တတ်ပါသည်။ ထိုအခါ မိမိအမှန်တကယ် လုပ်ဆောင်ရမည့် အလုပ်ကိစ္စကို လုံးဝမဆောင်ရွက်သည့်အခြေအနေသို့ပင် ရောက်ရှိသွားတတ်ပါသည်။ ထိုအခြေအနေမျိုးကို ရှောင်ရှားနိုင်ရန်အတွက် မိမိလုပ်ကိုင်ရမည့် အလုပ်နှင့်ပတ်သက်၍ လွယ်ကူသည် ဖြစ်စေ၊ ခက်ခဲသည် ဖြစ်စေ "ချက်ချင်းလုပ်ဆောင်ရမည်"ဟု အမြဲနှလုံးသွင်းထားသင့်ပါသည်။

**(၅) မိမိ၏အားလပ်ချိန်အတွက် ကြိုတင်ပြင်ဆင်စီစဉ်ထားပါ**

မိမိအားလပ်ချိန်အတွင်း သင့်လျော်သည့်အချိန်တွင် သင့်လျော်သည့်နေရာသို့ ရောက်ရှိနေရမည့် လှုပ်ရှားဆောင်ရွက်ချက်များကို ရွေးချယ်လုပ်ဆောင်ပါ။ ဥပမာအားဖြင့် ကျန်းမာရေးလေ့ကျင့်ခန်းကို မိမိ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းထက် အားကစားရုံ၌ စနစ်တကျလေ့ကျင့်သင်ကြားပေးမည့် ကာယဆရာနှင့် ညှိနှိုင်းလေ့ကျင့်ခြင်းသည် ပိုမိုထိရောက်မှု ရရှိစေမည်ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းသည် လေ့ကျင့်ခန်းပြုလုပ်ရမည့်နေရာသို့ သွားရောက်ရမည့် အစီအစဉ်ကိုလိုက်နာရန် တွန်းအားဖြစ်စေပါသည်။ ထို့ပြင် ကျွမ်းကျင်သူများ၏ အကူအညီကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ကျန်းမာရေးအတွက် လမ်းလျှောက်ရာတွင်လည်း ထို့အတူပင်ဖြစ်သည်။ မိမိအိမ်မှာပင် လမ်းလျှောက်ခြင်းထက် သူငယ်ချင်းများနှင့် လမ်းလျှောက်ထွက်ခြင်း၊ မဝေးသောနေရာတစ်ခုခုသို့ သွားရောက်ရန် ပြုလုပ်ခြင်းသည် ထိုအစီအစဉ်အတိုင်း တကယ်ပြုလုပ်ဖြစ်စေရန် တွန်းအားတစ်ခု ဖြစ်စေပါသည်။ ထိုသို့မဟုတ်ဘဲ မိမိအိမ်မှာပင် အားလပ်ချိန်မှာ ကျန်းမာရေးကောင်းစေရန် လမ်းလျှောက်မည်ဟု အစီအစဉ်ချထားသော်လည်း လက်တွေ့ဖြစ်ရပ်တွင် ဗီဒီယိုကြည့်ခြင်းဖြင့်လည်း အချိန်ကုန်သွားနိုင်ပါသည်။ ထို့ကြောင့် အချိန်ကို အကျိုးရှိရှိအသုံးချနိုင်ရန် အားလပ်ချိန်များအတွက် ကိုပင် အစီအစဉ်ချထားသင့်ပါသည်။

**(၆) မိမိ၏လုပ်ရပ်များအပေါ် ရိုးသားမှုရှိပါ**

မိမိတို့၏ လက်ရှိပြုလုပ်နေသော လုပ်ရပ်များသည် အနာဂတ်ရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် အထောက်အကူပြုခြင်း၊ မပြုခြင်းကို အမြဲသုံးသပ်နေရပါမည်။ အကယ်၍ အထောက်အကူ မပြုပါက မိမိလုပ်ဆောင်နေသောအရာကို အလျင်အမြန် ပြောင်းလဲကြရန် လိုအပ်ပါသည်။

**(၇) ဤအချက်သုံးချက်ကို အမြဲအမှတ်ရပါ**

ပြုလုပ်ပါ။ တာဝန်ခွဲပေးပါ။ စွန့်ပစ်ပါဟူသော အချက်သုံးချက်ကို အမြဲသတိရနေသင့်ပါသည်။ လုပ်ဆောင်ရန်ရှိသည်တို့မှာ မိမိကိုယ်တိုင်ပြုလုပ်မှ ဖြစ်မည်ဆိုလျှင် အချိန်မဆွဲဘဲ ချက်ချင်းပြုလုပ်ပါ။ မဖြစ်မနေကိစ္စမဟုတ်ဘဲ အခြားသူကို တာဝန်ပေး၍ရသော အလုပ်ဆိုလျှင် မိမိကိုယ်စား အခြားသူတစ်ဦးကို တာဝန်ခွဲဝေပေးအပ်ပါ။ နေရာတကာတွင် ငါပါမှဖြစ်မည်ဆိုသော အတွေးနှင့်ခံယူချက်များကို ဖယ်ထုတ်ပစ်ရပါမည်။ ထို့ပြင် မိမိကိုယ်တိုင်လည်း ပြုလုပ်ရန်မလို၊ အခြားသူတစ်ဦးကိုလည်း တာဝန်ပေးရန် မလိုအပ်သည့် အကြောင်းအရာများနှင့် အကျိုးမရှိသည့်ကိစ္စများကို စွန့်ပစ်နိုင်ရန် ကြိုးစားရပါမည်။

မိမိတို့အနေဖြင့် အထက်ပါအချက်များကို ဘဝနေထိုင်ရေးပုံစံအဖြစ် လိုက်နာလုပ်ဆောင်ကြမည်ဆိုလျှင် အချိန်ဆိုသော အရင်းအမြစ်ကို ကောင်းမွန်စွာအသုံးချနေသည်ဟု မှတ်ချက်ချနိုင်ပါသည်။ လူသားတို့အနေဖြင့် ခွဲ၊ လုံ့လ၊ ဝီရိယကို ရှေ့တန်းတင်၍ အချိန်ရှိခိုက်တွင် သတိဉာဏ်နှင့်ယှဉ်ပြီး ကြိုးစားကြခြင်းဖြင့် အောင်မြင်မှုများကို ရရှိနိုင်ကြပါစေဟု ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

## ဟေမန်နှောင်းလို့ ဂိမှာန်ပြောင်း


နှုတ်ဆက်လှည့်ပြန် ဆောင်းဟေမန်
နှင်းမှုန်လေးများကျန်။
နွေတေးသံရှင် ရွှေဥသြ
လွမ်းဖွဲ့ သံချိုနှော။
မြိုင်ယံတောတန်း အေးရိပ်သာ
လက်ပံပေါက်လဲ နီတျာတျာ။
ကျေးငှက်များစွာ ပျော်ရွှင်မြူး
ဂိမှာန်ခါနွေဦး။
တောင်လေဖြူးဖြူး ရွက်ဝါတွေ
လေမှာ ဝဲပျံကြွေ။
နွေဦးဂိမှာန် ပူရှိန်ပြင်း
လွမ်းစရာ မြင်ကွင်း။
အင်ကြင်းပန်းတို့ ရိုးတံနီ
မွှေးရနံ့ သင်းထုံကြည်။
ရွှေသရဖီ ဖူးပွင့်လန်း
နွေဦး ရာသီပန်း။

မင်းဝေအောင်(ရဲကျွန်း)

## "ရေချမ်းစင်"

- ကုက္ကိုနှစ်ပင် ရေချမ်းစင်
တို့ရွာလမ်းအဝင်၊
ပင်ပန်းမှုတွေ ပြေပျောက်သွား
ခေတ္တဝင်ရောက်နား။
- ရေများသောက်လို့ အားသစ်ဝေ
ကြည်နူးလန်းဆန်းနေ၊
ကျန်းမာပါစေ မေတ္တာပို့
ရေလှူရှင်များသို့။
- ဘိုးဘွားတို့ရဲ့ မြတ်အမွေ
ဆက်ခံထိန်းသိမ်းလေ၊
ရေကိုနေ့စဉ် ဖြည့်ပါလို့
ကုသိုလ်ယူကြစို့။
- မြန်မာတို့ရဲ့ ထုံးစဉ်လာ
စောင့်ထိန်းတို့ကျေးရွာ၊
သဒ္ဓါကြည်စွာ နေ့စဉ်ပြု
နတ်လူခေါ်သာဓု။ ။

သူရအောင်(ရွှေပြည်သာ)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ရောင်စုံပန်းခင်း စာနယ်ဇင်း သုတဝေဆာ ကျန်းမာရေးရာအဖြာဖြာ





စာရေးသူ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) စီစဉ်ရေးသားသည့် ရောင်စုံပန်းခင်း စာနယ်ဇင်း သုတဝေဆာ ကျန်းမာရေးရာအဖြာဖြာ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည် ခေါင်းစဉ်ဖြင့် နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့်ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု ပိုမိုများပြားလာသည်။ အပူဒဏ်ကြောင့် ဖောရောင်ခြင်း၊ မိတ်နှင့် ယားနာများထွက်ခြင်းနှင့် ကြွက်တက်ခြင်း စသည့်ရောဂါများ ခံစားရနိုင်သည်။ ထို့အပြင် ရောဂါပိုမိုဆိုးရွားလာပါက အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် မူးမေ့ခြင်းတို့ကိုပါ ခံစားရနိုင်ကာ အပူဒဏ်ကြောင့် သတိလစ်ခြင်းအထိ ဖြစ်ပွားစေနိုင်သည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်သည်။ ခရမ်းလွန်ရောင်ခြည်နှင့် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားရောင်ညိုမည်းလာခြင်းတို့ကို ဖြစ်စေနိုင်ပြီး ထိတွေ့မှုကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။

စာအုပ်ကို အိမ်အမှတ်(၂)၊ အရာရှိအိမ်ရာ၊ မအူကုန်းစည်ပင်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၆၀၁၁၆၂ နှင့် ၀၉ ၄၄၀၇၂၆၂၈၄တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

## ရေမေတ္တာနှင့် မေးမြန်းလျှောက်ထား ဓမ္မစကားများ




စာရေးသူ တင်ဝင်းလေး (ကြည့်မြင်တိုင်) ရေးသားသည့် ရေမေတ္တာနှင့် မေးမြန်းလျှောက်ထား ဓမ္မစကားများစာအုပ်ထွက်ရှိလာသည်။

လူသားတို့သည် လောကဓံနှင့်အတူ မွေးဖွားလာခဲ့၏။ လူသားက ရှေ့ကပြေးလျှင် လောကဓံသည် နောက်ကလိုက်၏။ လောကဓံက ရှေ့ကပြေးလျှင် လူသားတို့သည် နောက်ကလိုက်ပြန်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် "လောက ဓမ္မာ လောကံ အနုပရိဝတ္တန္တိ၊ လောကောစ အဋ္ဌလောက ဓမ္မေ အနုပရိဝတ္တန္တိ" ဟု မိန့်ကြားတော်မူခဲ့၏။

စာရေးသူသည် ကျေးဇူးရှင် ဆရာတော်ကြီးများထံ ချဉ်းကပ်၍ ဩဝါဒကိုခံယူ၏။ တရားဓမ္မကိုနာယူ၏။ လျှောက်ထားသင့်သည် တို့ကို မေးမြန်းလျှောက်ထား၏။ ထိုသို့ ခံယူမှတ်သား လျှောက်ထား ခဲ့သည်များကို စုပေါင်း၍ စာအုပ်အဖြစ်ထုတ်ဝေခြင်းဖြစ်သည်။ ကျေးဇူးရှင် ဆရာတော် အသီးသီးသည် မြတ်ဗုဒ္ဓ၏ တရားတော်တို့ကို ရှုထောင့်အမျိုးမျိုး၊ အတွေးအမြင် အထွေထွေတို့ဖြင့် ဆုံးမ လမ်းပြထားသဖြင့် ဤစာအုပ်သည် ရောင်စုံပန်းတို့ ဖူးပွင့်နေသည့် ဓမ္မဥယျာဉ်ကြီးတစ်ခုသာဖြစ်၏။

ဓမ္မစကားဟူသည် လူသားတို့ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောလောကအတွက် အားထားကိုးကွယ်ရာဖြစ်၏။ တရားစောင့်သောသူကို တရားသည်စောင့်၏။ တရားစောင့်သောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးပါးသို့ မကျရောက်နိုင်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို ပထမကမ္ဘာစာအုပ်တိုက်၊ တိုက်(၂၀၁)၊ အခန်း(5D-3)၊ ဂျိုးဖြူလမ်း၊ အင်းဝအိမ်ရာ၊ (၆၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၇၃၇၁၇၈၅မှ တန်ဖိုးငွေကျပ် ၄၅၀၀ သတ်မှတ်ထားသည်။

## အဖြူဆုံးနှင့် အမည်းဆုံး




စာရေးသူ မေတ္တာရှင်(ရွှေပြည်သာ) စီစဉ်ရေးသားသည့် အဖြူဆုံးနှင့် အမည်းဆုံး စာအုပ်ထွက်ရှိလာသည်။

ဆရာကြီးရွှေဥဒေါင်းက ဒုတိယကမ္ဘာစစ်အတွင်း သူကိုယ်တိုင် စစ်ပြေးဘဝတွင်ကြုံခဲ့ရသော ဖြစ်ရပ်ကိုရေးသားထားသည်။ ရန်ကုန်မှ စစ်ပြေးများသည် ရရာရထားဖြင့် မန္တလေးသို့စစ်ရှောင်လာကြသည်။ မန္တလေးမှ တစ်ဆင့် စစ်ကိုင်းတောင်ခြေတောထဲတွင် ပုန်းခိုနေထိုင်ရန်ဖြစ်သည်။

ရထားရပ်ရာဘူတာတိုင်းတွင် ထမင်းထုပ်၊ ငှက်ပျောသီး၊ ပန်းသီးတို့ကိုကိုင်ကာစောင့်နေကြသည့် မြန်မာလူမျိုးများကိုတွေ့ရသည်။ ရထားရပ်သည်နှင့် စစ်ဘေးရှောင်ခရီးသည်များကို သူ့ထက်ငါ တိုးဝှေ့ကာ ပေးကမ်းကျွေးမွေးကြသည်။ အသက် ၇၀ ကျော် အဘိုးနှင့် အဘွားဆိုလျှင် စိမ်းစားဥတွဲများကိုကိုင်ကာ ရထားတစ်တွဲမှ အခြားတစ်တွဲသို့ကူးပြောင်းကာ လိုက်လံပေးကမ်းသည်။ အခြားအဖိုးတန်အစားအစာများကိုရထားသောကြောင့် စိမ်းစားဥတွဲကို ယူမည့်သူမရှိဖြစ်နေသည်။ "အဘိုးနဲ့ အဘွားကိုယ်တိုင်စိုက်ပျိုးထားတဲ့ စိမ်းစားဥတွဲတွေပါ။ တကယ်ချိုပါတယ်။ စစ်ဘေးရှောင်တွေကို စားစေချင်လွန်းလို့ ကိုယ်တိုင်လာပေးတာပါကွယ်"ဟု သနားစဖွယ်ပြောဆိုသည်။ ယူမည့်သူမရှိသဖြင့် နောက်ဆုံးတွင် ဆရာကြီးရွှေဥဒေါင်းကိုယ်တိုင်ယူလိုက်လေသည်။ ဆရာကြီးသည် စိမ်းစားဥကိုကိုင်လျက် ရထားပေါ်တွင်ပါသော တရုတ်၊ ကုလား စသော ဘာသာခြားလူမျိုးများကို ယခုကဲ့သို့ မေးမြန်းလိုက်သည်။

"ခင်ဗျားတို့လူမျိုး၊ ခင်ဗျားတို့နိုင်ငံမှာ အခုလိုပေးကြကျွေးကြတာမျိုးကြုံဖူးပါသလား။ အခုလို စိတ်ကောင်းရှိတဲ့လူမျိုးကိုတွေ့ဖူးကြပါသလား" လူမျိုးခြားအားလုံးကမကြုံဖူးကြောင်း ရိုးသားစွာဝန်ခံကြသည်။

ရွှေပြည်သာစာပေ၊ ဖုန်း-၀၉ ၇၉၄၁၂၀၂၁၂ နှင့် ၀၉ ၄၄၃၃၅၉၀၆၀တို့မှ ငွေကျပ် ၃၅၀၀ဖြင့်ဖြန့်ချိသည်။

## ဆရာ




စာရေးသူ ခွန်သက်တင်ဆန်း စီစဉ်ရေးသားသည့် ဆရာ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နိုင်ငံတော်ခင်စိန်ဆိုသောအမည်မှာ အရာရှိများ လျှို့ဝှက်ပေးထားသော နာမည်ဖြစ်သည်။ မြစ်ကြီးနားသို့ ရောက်ဖူးသည့် အရာရှိတိုင်းသိကြသည်။ သူက ရုံးတစ်ရုံး၏ဝန်ထမ်းဖြစ်ပြီး ပုရိသများကို ဆွဲဆောင်နိုင်သည့်အလှများ ပြည့်စုံစွာပိုင်ဆိုင်ထားသည်။သူ့ချစ်သူ များသည် မကြာခဏပြောင်းနေတတ်သည်။တူတာတစ်ခုကတော့ သူ၏ချစ်သူအားလုံးသည် တပ်မတော်အရာရှိများဖြစ်နေခြင်းပင်။ ကြည်းတပ်နှင့် လေတပ်မှ တပ်မတော်အရာရှိများဆိုလျှင် သူ၏ချစ်သူ ဖြစ်ခွင့်ရနိုင်သည်။ မြစ်ကြီးနားမှာ ရေတပ်မှအရာရှိတွေရှိမနေလို့၊ ရှိလို့ကတော့ ကြည်း၊ ရေ၊ လေ စုံသွားနိုင်သည်။ နိုင်ငံတော်ကို ကာကွယ်နေကြသည့် အရာရှိများကိုသာ ချစ်သူအဖြစ် ရွေးချယ်နေသူဖြစ်လို့ အကြောင်းသိများက "နိုင်ငံတော်ခင်စိန်" ဟု သူ့ကို အမည်ဝှက်ဖြင့် ခေါ်ခြင်းလည်းဖြစ်မည်။ တစ်ချိန်က နာမည်ကြီးခဲ့သော "အောင်လံတော်ခင်စိန်" ကို ဂုဏ်ပြုသောအားဖြင့် "နိုင်ငံတော်ခင်စိန်"ဟု ခေါ်ကြခြင်းလည်း ဖြစ်ပေမည်။ အရပ်ဖက်အရာရှိများကို ချစ်သူအဖြစ် မရွေးချယ်ခြင်းသည် သူ၏စည်းပင်ဖြစ်သည်။

မြစ်ကြီးနားပြန်ရောက်သူက နိုင်ငံတော်ခင်စိန်ဆီ အခစားဝင်ကြသည်။ အရာရှိများသာ တာဝန်တွေနှင့် ပျားပန်းခပ် လှုပ်ရှားနေကြသော်လည်း နိုင်ငံတော်ခင်စိန်အနားမှာတော့ ချစ်သူတစ်ယောက်အမြဲရှိနေတာကို တွေ့ရမှာဖြစ်သည်။ တူတာတစ်ခုကတော့ ဘယ်အရာရှိမှ နိုင်ငံတော် ခင်စိန်ကို လက်ထပ်ဖို့မစဉ်းစားကြပါ။

စာအုပ်ကို အော်ကျူး ဖုန်း-၀၉-၅၁၇၆၉၃၆မှ တန်ဖိုးငွေကျပ် ၄၅၀၀ဖြင့် ဖြန့်ချိသည်။

## ကိုဗစ်-၁၉ နဲ့ မြန်မာ-တရုတ် နယ်စပ်အခြေအနေ




စာရေးသူ ဟိန်းနိုင်(မန္တလေး) စီစဉ်ရေးသားသည့် ကိုဗစ်-၁၉ နဲ့ မြန်မာ-တရုတ် နယ်စပ်အခြေအနေ စာအုပ် ထွက်ရှိလာသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကို ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉က စိန်ခေါ်နေဆဲဖြစ်သည်။ ရွှေလီနယ်စပ်ဒေသတွင် ကိုဗစ်-၁၉ ထိန်းချုပ်နိုင်ရန် စီမံခွန့်ခွဲမှုများကို ရက်ပေါင်း ၃၀၀ ခန့် ကြာရှည်ခဲ့ပြီးဖြစ်သည်။ ကိုဗစ်ထိန်းချုပ်မှုကာလများတွင် နေထိုင်ခဲ့ရသည့် ဒေသခံပြည်သူများသည် ဘက်ပေါင်းစုံ အဆင်မပြေမှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို ကိုဗစ်မဖြစ်သေးခင်အချိန်က ဖြောင့်ဖြူးသကဲ့သို့ ပြန်လည်ဖြောင့်ဖြူးလာရေးအတွက် တရုတ်အစိုးရဘက်က ပြင်ဆင်လာမှုများကို မြင်တွေ့စရှိနေပြီဖြစ်သည်။

ရွှေလီမြို့ပြင် ကုန်တင်တွဲကားကြီးများ သွားလာနေသော နိုင်ငံတော်ကားလမ်းမကြီးကို မွမ်းမံနေခြင်းများကို မြင်တွေ့ရသည်။ ရွှေလီနယ်စပ်ဒေသတွင် ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်နေမှုများကို တရုတ်နိုင်ငံဗဟိုအစိုးရက လာရောက်ကြည့်ရှုခဲ့ကြောင်း သတင်းများလည်းကြားခဲ့ရသည်။ တရုတ်ဗဟိုအစိုးရက လာရောက်ကြည့်ရှုမည်ဆိုသောကြောင့် ရွှေလီမြို့လမ်းဘေးရှိ ချိုင့်ကျင်းများကို ဖာထေးခြင်းတို့ကိုလည်း မြင်တွေ့ရသည်။ ရွှေလီမြို့တွင်း၌ လက်ပတ်နီဖြင့် လမ်းလျှောက်အမှိုက်ကောက်သူများ ၁၀ ရက်ခန့် မြင်တွေ့ရသည်။ ရွှေလီနယ်စပ်ဒေသ ပြန်လည်စည်ကားလာတော့မည်ဆိုသော သတင်းများ ကြားနေရပြီဖြစ်သည်။

စာအုပ်ကို ပထမကမ္ဘာစာအုပ်တိုက်၊ တိုက်(၂၀၁)၊ အခန်း(5D-3)၊ ဂျိုးဖြူလမ်း၊ အင်းဝအိမ်ရာ၊ (၆၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၇၃၇၁၇၈၅မှ တန်ဖိုးငွေကျပ် ၈၀၀၀ သတ်မှတ်ထားသည်။

## ဆယ့်နှစ်လရာသီ စာပန်းချီ




စာရေးသူ ရွှေတိုင်လွင် စီစဉ်ရေးသားသည့် ဆယ့်နှစ်လရာသီ စာပန်းချီ စာအုပ်ထွက်ရှိလာသည်။

မြန်မာတို့သည် တန်ခူးလ သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ စာတော်ပြန်ပွဲ၊ ဝါဆိုလ ပဥ္စင်းခံရှင်ပြုပွဲ၊ ဝါခေါင်လ စာရေးတံပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ ဆီမီးမြင့်မိုရ်ပွဲ၊ တန်ဆောင်မုန်းလ ကထိန်ပွဲ(တန်ဆောင်တိုင်မီးထွန်းပွဲ)၊ နတ်တော်လ နတ်ပူဇော်ပွဲ၊ ပြာသိုလ မြင်းခင်းသဘင်ပွဲ၊ တပို့တွဲလ ထမနဲပွဲ၊ တပေါင်းလ သဲပုံစေတီပွဲတော်တို့ကို လစဉ်အလိုက် ကျင်းပကြသည်။

မြန်မာတို့၏ ရာသီပွဲတော်များကျင်းပရခြင်း၏ရည်ရွယ်ချက်သည် သာသနာတော်သုံးရပ် တိုးတက်ထွန်းကားပြန့်ပွားလာစေရန်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်ဘက်တွင် ကျွမ်းကျင်သောစစ်သူရဲကောင်းများအမြောက်အမြား ပေါ်ထွက်လာစေရန်၊ တိုင်းပြည်စည်ပင်သာယာဝပြောစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ကြခြင်းဖြစ်သည်။

မြန်မာတို့သည် မိမိတို့၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုပွဲတော်များအကြောင်းကို သိရှိထားမှသာလျှင် တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်နှောင့်ယှက်မှုကို တားဆီးကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်တာဝန်မှာ မြန်ပြည်သူ ပြည်သားများအားလုံး၏တာဝန်ပင်ဖြစ်သည်။

စာအုပ်ကို ရွှေသစ္စာစာပေ၊ တိုက်(၄၇၂)၊ အခန်း(၂၀၂)၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၃၆၀၇၃၆နှင့် ၀၉ ၈၈၃၆၉၅၅၃၆တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အင်းစိန်မြို့နယ်၌ (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်မြို့နယ်)နှင့် မြို့နယ်စာပေဥယျာဉ်အသင်းတို့ ပူးပေါင်း၍ မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လူထုအခြေပြု ဗဟိုဌာနရှိ ဘက်စုံသုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် အသင်းနာယက ဆရာကြီး ဦးရန်နောင် (ရန်နောင် – ပညာရေး) တို့က အဖွင့်အမှာစကား ပြောကြားကြပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ–တောင်တွင်းကြီး) က မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သူတိုင်း စာဖတ်နိုင်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့အတွက် စာဖတ်ဝိုင်းကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းတွင် စာရေးဆရာ မောင်နွယ်မြင့် (စာပေဗိမာန်)ဆုရက အထက်ကောင်းကင်အစွန်းမှ နေဝန်းနီ၊ စာရေးဆရာမ ခင်နွဲ့မူ (အင်းစိန်) က ခေါင်းဆောင်မှုစွမ်းရည်၊ ရွှေဘုတ်(အင်းစိန်)က မြန်မာ့တပ်မတော်နေ့ သမိုင်းကြောင်း၊ မဦးခင်လှ (စီးပွားရေး)က စာဖတ်ခြင်း အကျိုးကျေးဇူး၊ စာရေးဆရာ ရန်မိုးအောင် (အင်းစိန်)က မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ စသည့် စာပေအကြောင်းအရာများကို ကိုယ်တွေ့များနှင့် ယှဉ်၍ စိတ်ဝင်စားဖွယ် ဆွေးနွေးပြောကြားသွားပြီး တက်ရောက်လာကြသည့် မြို့နယ်စာရေးဆရာများ ဖြစ်ကြသော သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ စိန်ညိုမင်း (ထန်းတပင်)နှင့် အောင်ငယ်စစ် (အင်းစိန်)တို့က မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်သူ စာပေ ဆွေးနွေးကြသူများက ပြန်လည် ဖြေကြားပေးခဲ့ပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်–မှူခင်း)က ကျေးဇူးတင်စကား ပြောကြားကာ အသင်းနာယကကြီး ဦးသက်တင် (မောင်သာတင့်) က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာ၌ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ



**ပျဉ်းမနား ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှမ်းတောကျေးရွာ၌ ကျေးရွာကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ)ဒေါ်အိအိဇင်က ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာ ပေးအပ်ခဲ့ကြသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည် ၅၃၈ ပေ၊ အကျယ် ၁၂ပေ၊ ဒု ခုနစ်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၇၃၆ သန်းကို အသုံးပြုကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၂၂၂**

## ပွင့်ဖြူမြို့နယ်၌ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၂၀၂၃ – ၂၀၂၄ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယနေ့တွင် စတင်ပြီး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ရာ ဒေသခံတောင်သူများက နွေစပါးနှင့် အခြားနွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နွေစပါးသီးနှံစိုက်ပျိုးရာ၌ နိုင်ငံတော်က နွေစပါးစိုက်ပျိုးမှု တစ်ဧကလျှင် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပစ္စည်းကုန်ကျစရိတ် ငွေကျပ် နှစ်သိန်းနှုန်း ထောက်ပံ့ပြီး စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မဲဇလီရေလွှဲဆည်ရေဖြင့် တစ်မြို့နယ်လုံး နွေစပါးသီးနှံစိုက်ပျိုးမှုအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းဖြင့် စိုက်ပျိုးမည့် နွေစပါးသီးနှံစိုက်ဧက ၁၅၀၀၀ အပါအဝင် စုစုပေါင်း နွေစပါးသီးနှံစိုက်ဧက ၂၉၅၄၈ ဧက စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နွေနှမ်း ၂၇၁၉၃ ဧကနှင့် အခြားနွေသီးနှံ ၃၆၈၇ ဧက စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ရာ စုစုပေါင်းနွေသီးနှံစိုက်ဧက ၆၀၄၂၈ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ နွေသီးနှံစိုက်ပျိုးမှုလျာထားချက်စာရင်းအရ သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# တေလေ

## သိပ္ပံမောင်ဝ

မောင်လူအေးသည် မမြသန်းသေဆုံးပြီးသည့်နောက် တေလေတစ်ယောက်ဖြစ်လျက်နေတော့၏။ ရုံးတက်ချိန်လည်း မမှန်။ ရုံးဆင်းချိန်လည်း မမှန်။ အလုပ်ကိုလည်း ကောင်းကောင်းမလုပ်။ သူတကာရုံးတက်သောအချိန်တွင် အိပ်ရာထဲတွင် ကွေးတုန်းရှိသေး၏။ သူတကာ ရုံးဆင်းချိန်ကျမှ မိမိမှာ တရားစီရင်၍ကောင်းတုန်းဖြစ်လေသည်။ မောင်လူအေး၏ အမူအရာတို့မှာ ရှေးကနှင့်မတူ၊ ထူးထူးခြားခြား ကွဲပြား၍သာ လာလေတော့သတည်း။

ရုံးမှဆင်းသည့်အခါများတွင် ခြောက်သွေ့သွေ့ကြီးနေသော အိမ်သို့ပြန်မလာဘဲ အစိုးရအမှုထမ်းများ စုဝေးရာဖြစ်သော အသင်းရုံးသို့သာလျှင် တိုက်ရိုက်ဆင်း၍သွား၏။ အသင်းရုံးသို့ရောက်လျှင် ဘောလုံးရိုက်ခြင်း၊ ဖဲဝိုင်းတွင်ထိုင်ခြင်း၊ သူတကာ ဘိလိယက်ထိုးသည်ကို ထိုင်ကြည့်ခြင်းတို့ဖြင့်သာလျှင် တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ၊ လေးနာရီ စသည်ဖြင့် အချိန်ကုန်လွန်ခဲ့လေသည်။

ဤသို့ အသင်းရုံးတွင် ကစားနေခိုက် သူတကာ ကစားနေကြသည်ကို ထိုင်ကြည့်နေခိုက်များတွင် စိတ်ပျော်သလိုလိုရှိ၏။ အသင်းရုံးမှ အိမ်သို့ပြန်ရမည်ကိုပင်ကြောက်၏။ အချိန်ကျလျှင် မိတ်ဆွေအပေါင်းတို့လည်း အသီးသီး မိမိတို့အိမ်သို့ ပြန်ကြကုန်၏။ မောင်လူအေးကား သူတကာပြန်ကုန်၍ တစ်ယောက်တည်းကျန်တော့မှသာလျှင် မိမိအိမ်သို့ ပြန်တော့သည်။

ဖဲဝိုင်းတွင်ဝင်၍ ထိုင်နေသော်လည်း ဖဲကစားခြင်းတွင် ကျွမ်းကျင်သူမဟုတ်သောကြောင့် အရှုံးသာလျှင်အဖတ်တင်၍ အခြားအစိုးရအရာရှိတို့၏ ငွေရလမ်းမှာ ဖြောင့်တန်း၍သာ နေလေတော့သတည်း။ မောင်လူအေး အသင်းတိုက်သို့လာသည်ကို မြင်ကြလျှင် “ဟော အမဲကြီးဆင်းလာပြီ” ဟူ၍ဆိုကာ ရယ်မောလေ့ရှိကြကုန်၏။ ဤသို့ နေ့စဉ်ရက်ဆက် ပိုက်ဆံထွက်လမ်းကြီး မှန်နေသော်လည်း မောင်လူအေးကား အမှုမထား။ မိမိစိတ်ပျော်လျှင် ကျေနပ်ပြီဟူ၍ သဘောထားကာ နေ့စဉ်ရက်ဆက် အသင်းတိုက်သို့ သွက်သွက်ကြီးသာလျှင် သွားလျက်နေ၏။

ဤသို့ အသင်းတိုက်သို့သာလျှင် နေ့စဉ်ရက်ဆက်သွားနေသောသူကား အစား အဘယ်မှာမှန်တော့အံ့နည်း။ အအိပ် အဘယ်မှာလျှင် မှန်တော့အံ့နည်း။ အနေအထိုင် အဘယ်မှာလျှင် မှန်တော့အံ့နည်း။

တစ်ရံတစ်ခါ ညစာကို သန်းခေါင်ကျော်မှ စားသောက်ရ၏။ ဆာရမှန်းလည်းမသိ။ အိမ်မှန်းရာမှန်းလည်းမသိ။ မောင်လူအေး အိမ်မပြန်လာနိုင်သောကြောင့် တပည့်မောင်ထွန်းဖေတို့၊ ထမင်းချက်ဆာမိတို့မှာ တစောင့်စောင့်နှင့်နေကြကုန်၏။ ထမင်းများလည်း အေး၍ကုန်ပေပြီ။ ဟင်းများလည်း အေး၍ကုန်ပြီ။ မောင်ထွန်းဖေတို့မှာ မောင်လူအေးအား စောင့်စားရင်းပင် မကြာမကြာ အိပ်ပျော်လျက်နေကြကုန်၏။ မောင်လူအေးရောက်၍ နှိုးတော့မှ ထကာ ထမင်းပြင်၍ ကျွေးကြလေသည်။ အိမ်မပြန်လာသောကြောင့် မွတ်သိပ်ဆာလောင်ကြသော်လည်း မိမိတို့၏သခင်မှာ စိတ်မကောင်းသောကြောင့်သာလျှင် အချိန်မဲ့ အခါမဲ့ လည်ပတ်နေသည်ဟု အလိုက်သိစွာနှင့်ပင် သည်းညည်းခံကာနေကြကုန်၏။

မောင်လူအေးကား မိမိ အချိန်အခါမရှိ လည်ပတ်ခြင်း၊ အချိန်အခါမရှိ စားသောက်ခြင်း၊ အချိန်အခါမရှိ ရုံးတက်ခြင်း၊ အချိန်အခါမရှိ အလုပ်လုပ်ခြင်းတို့မှာ မကောင်းဟူ၍ သိ၏။ သို့သော် မိမိစိတ်ကို မိမိ မနိုင် လွှတ်၍သာ ထားရလေသည်။ တပည့်တို့လည်း အလိုက်သိစွာ ဆိတ်ဆိတ်ပင်နေကြကုန်၏။ မိမိတို့သည်လည်း စိတ်ငြိုငြင်ခြင်း မဖြစ်စေရန်သာလျှင် ရှေးကထက် ဂရုစိုက်ကာ ပြုစုရှာကြလေသည်။

သို့နှင့်ပင် သုံးလ လွန်မြောက်ခဲ့၏။ ထို့နောက် လေးလ၊ ထို့နောက် ငါးလ၊ ထို့နောက် ခြောက်လ၊ ခုနစ်လ စသဖြင့် လပေါင်းများစွာ ကုန်လွန်ခဲ့၏။ ဤသို့ ရက်ပေါင်း၊ လပေါင်းများစွာ ကုန်လွန်၍ လာလေရာ မိမိစိတ်အနည်းငယ်ဖြေနိုင်လေ၏။ မမြသန်း၏ ရုပ်ပါရုံမှာ မိမိ၏ မျက်စိထဲမှ တစ်စတစ်စ ပျောက်၍သွား၏။

ခရီးသွားသူသည် သွားလေသွားလေ မိမိ ရှေးဦးစ၍လာသော နေရာအရပ်မှ ဝေး၍ဝေး၍သွား၏။ ဤသို့ ဝေး၍ဝေး၍သွားလေ ခရီးသည်၏ မျက်စိထဲတွင် ၎င်းနေရာမှာ မှုန်၍မှုန်၍သွားသကဲ့သို့ အချိန်တည်းဟူသော ခရီးတွင် သွားနေရသော မောင်လူအေး၏ စိတ်ထဲတွင်လည်း ရှေးအဖြစ်အပျက်များသည် မှုန်၍မှုန်၍သွား၏။ သေသောသူ ကြာလျှင်မေ့ဆိုသော ရှေးလူကြီးတို့၏စကားသည် တစ်နေ့တခြား မှန်စပြု၍လာ၏။ မောင်လူအေး၏ ပူဆွေးခြင်း၊ လွမ်းဆွတ်ခြင်းစိတ်တို့မှာလည်း အချိန်တည်းဟူသော ဆေး၏တန်ခိုးကြောင့် တဖြည်းဖြည်း ပျောက်ကင်းလျက်လာ၏။ ဤကား မည်သူမျှ မလွန်ဆန်နိုင်သော ဓမ္မတာပေတည်း

ခရီးသွားသူသည် သွားလေသွားလေ မိမိ ရှေးဦးစ၍ လာသော နေရာအရပ်မှ ဝေး၍ဝေး၍သွား၏။ ဤသို့ ဝေး၍ဝေး၍သွားလေ ခရီးသည်၏ မျက်စိထဲတွင် ၎င်းနေရာမှာ မှုန်၍မှုန်၍ သွားသကဲ့သို့ အချိန်တည်းဟူသောခရီးတွင် သွားနေရသော မောင်လူအေး၏ စိတ်ထဲတွင်လည်း ရှေးအဖြစ်အပျက်များသည် မှုန်၍မှုန်၍သွား၏။ သေသောသူ ကြာလျှင်မေ့ဆိုသော ရှေးလူကြီးတို့၏ စကားသည် တစ်နေ့တခြား မှန်စပြု၍လာ၏။ ပူဆွေးခြင်းရောဂါ၊ လွမ်းဆွတ်ခြင်းရောဂါတို့ကို အချိန်တည်းဟူသော ဆေးမှတစ်ပါး အခြားမည်သည့်ဆေးဖြင့် ကုသနိုင်အံ့နည်း။ မောင်လူအေး၏ ပူဆွေးခြင်း၊ လွမ်းဆွတ်ခြင်း စိတ်တို့မှာလည်း အချိန်တည်းဟူသော ဆေး၏ တန်ခိုးကြောင့် တဖြည်းဖြည်း ပျောက်ကင်းလျက်လာ၏။ ဤကား မည်သူမျှ မလွန်ဆန်နိုင်သော ဓမ္မတာပေတည်း။

ဤသို့ တစ်စတစ်စ လွမ်းဆွတ်စိတ်၊ ဆွေးစိတ်များ ပျောက်ကင်း၍ လာလေရာ မောင်လူအေးမှာ ရုံးတက်ချိန် မှန်၍လာ၏။ စားချိန်သောက်ချိန် မှန်၍လာ၏။ အိမ်ပြန်ချိန် မှန်၍လာ၏။ အိပ်ချိန် မှန်၍လာ၏။ အသင်းရုံးသို့လည်း ရှေးကကဲ့သို့ မသွား၊ အသင်းသားတို့လည်း ရှေးကကဲ့သို့ မောင်လူ့အေးထံမှ ငွေလွယ်လွယ်ကူကူ မရတော့ချေ။

တစ်နေ့သ၌ အစိုးရရုံးတံဆိပ်ဖြင့် စာတစ်စောင် ရောက်၍လာ၏။ ၎င်းစာကား မောင်လူအေးအား မြို့သို့ပြောင်းရွှေ့သော အမိန့်စာဖြစ်လေသည်။ ဤစာကို ရပြီးနောက် ပြောင်းရွှေ့ရန် စီမံ၏။ မကြာမီပင် ထိုမြို့သို့ရောက်၏။

အတန်ကလေးကြာလျှင် ရှေးနေရာဟောင်းသည် လည်းကောင်း၊ ရှေးက အဖြစ်အပျက်တို့သည် လည်းကောင်း မောင်လူအေးစိတ်ထဲတွင် ဝေး၍ဝေး၍သွားတော့၏။ နေရာသစ်သို့ရောက်လျှင် မိမိကိုယ်ကို လူသစ်ကဲ့သို့ထင်မှတ်မိ၏။ ဘဝပြောင်းသွားသကဲ့သို့လည်း ထင်မှတ်၏။ ဇော်ဂျီများ တစ်ဘဝတည်းတွင် နှစ်ဖြစ်ပြောင်းသည်ကို တွေးမိ၏။

မောင်လူအေးအား တစ်ယောက်တည်းထားရသည်ကို မိဘဆွေမျိုးများက စိတ်မချ။ မကြာမကြာ စာအားဖြင့် အသစ်ထူထောင်ရန် တိုက်တွန်းကြ၏။ မိမိကိုယ်တိုင်လည်း တစ်ယောက်တည်း နေထိုင်ရခြင်း၏ ဒုက္ခကို ဒိဋ္ဌတွေ့ကြုံရပေ၏။ မိမိနေထိုင်ရာ အစိုးရအိမ်မှာလည်း ကြီးကကြီးပါဘိသနဲ့၊ ထိုအိမ်ကြီးတွင် တစ်ယောက်တည်း နေထိုင်ရသည်မှာ ပျင်းတင်းတင်း။ ရုံးမှပြန်ချိန်တွင် စကားပြောဖော်မရှိ၊ တစ်ယောက်တည်း ကြောင်တောင်တောင်၊ ထိုမြို့သို့ ရောက်စဖြစ်သောကြောင့် အသိအကျွမ်းဆို၍ မရသေး။ ရှေ့ရေးနောက်ရေးတို့ကို တစ်တွေးတည်း တွေးလျက်နေ၏။

ဤသို့ တွေးတောသောအခါများတွင် မမြသန်းအားလည်း စဉ်းစားမိ၏။ မမြသန်းကား မပြန်သောလမ်းကို သွားလေပြီ။ မိမိဆွေးနေ၊ လွမ်းနေသော်လည်း ပြန်၍လာတော့မည်မဟုတ်၊ ကောင်းမွန်သော အဖြစ်ကို ရပါစေဟူ၍သာ ဆုတောင်း၏။ မိမိနှင့် မောင်နှမ နီးစပ်တော်သူ ခင်သန်းမြင့်ကလေးကိုလည်း မကြာမကြာ စဉ်းစားမိ၏။ ခင်သန်းမြင့်ကလေးကား အသက် ၂၀ ခန့်သာရှိသေး၏။ ငယ်စဉ်က တစ်ခါနှစ်ခါမြင်ဖူးလေသည်။ ယခု အပျိုဖော်ဝင်မှ တစ်ခါမျှ မတွေ့ရသေး။ သို့ပင် မတွေ့မမြင်ရသေးသော်လည်း မိမိ၏နှမ တင်တင်က ခင်သန်းမြင့်ကလေးလှကြောင်း၊ ချောကြောင်းကို မကြာမကြာ စာဖြင့်ရေးဖူး၏။ မကြာမကြာ နှုတ်ဖြင့်လည်း ပြောဖူး၏။ တင်တင်ကလည်း ခင်သန်းမြင့်ကလေးနှင့် များစွာသဘောတူ၏။ မိမိ၏ မိဘဆွေမျိုးတို့ကလည်း သဘောမတူစရာမရှိ။ ယခင်က မမြသန်းနှင့်မရမီကပင် ခင်သန်းမြင့်ကလေးနှင့် ကြောင်းလမ်းဖူး၏။ သို့သော် ခင်သန်းမြင့်ကလေးမှာ ငယ်သေးသောကြောင့် အကြောင်းမညီညွတ် ဖြစ်ခဲ့လေသည်။

သူမသိ ငါပိုးဆိုသော တစ်ဖက်သတ် မေတ္တာပင်ကလေးကို မောင်လူအေး ပျိုးထောင်မိ၏။ ထိုမေတ္တာပင်ကလေးမှာ တစ်စတစ်စ ကြီးမား၍ လာခဲ့၏။ ဆိတ်ငြိမ်ခြင်းဟူသော မြေဩဇာကို မကြာမကြာ ပေးသောကြောင့် ၎င်းမေတ္တာပင်ကလေးမှာ အကိုင်းအခက်တွေ ဝေ၍ဝေ၍ လာ၏။ ခင်သန်းမြင့်ကလေးအကြောင်းကို တစ်ယောက်တည်း စဉ်းစားကာ အိမ်ရှေ့ဝရန်တာတွင် ခင်းထားသော ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ပျော်၍ နေသည်မှာလည်း မကြာမကြာ။ ခင်သန်းမြင့်ကလေး၏ မျက်နှာထားမျိုးကို စိတ်ကူးကြည့်၏။ နောက်ဆုံး၌ ခင်သန်းမြင့်ကလေးနှင့် စေ့စပ်ပေးရန် တင်တင်ထံသို့ စာလှမ်း၍ ရေး၏။ အတန်ကြာအောင် စာမပြန်သောကြောင့် မောင်လူအေးမှာ စိတ်ပျက်မိ၏။ တင်တင်ထံ စာခဏခဏ ပေးလေသည်။

နောက်ဆုံး၌ တင်တင်ထံမှ စာတစ်စောင် ရ၍လာ၏။ အိမ်ရှေ့ ဧည့်ခန်းတွင် ခင်းထားသော ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ စီးကရက်တစ်လိပ်ကိုဖွာရင်း စာကိုဖတ်လျက်နေ၏။ စီးကရက်မှ ထွက်သော မီးခိုးတို့ကို စိုက်၍ကြည့်၏။ ထိုမီးခိုးတို့၏အကြားတွင် အမျိုးမျိုးသော စိတ်ကူးများပေါက်၍နေ၏။ စိတ်ကူးထုတ်သလောက်သာ အကယ်ဖြစ်မှုကား မည်မျှကောင်းမည်နည်း။

ဤသို့ စိတ်ကူးထုတ်၍ ကောင်းတုန်းမှာပင် ဆူညံဆူညံနှင့် လူတစ်စုဝင်လာသောကြောင့် ဧည့်ခန်းထွက်ကာ ခရီးဦးကြိုပြု၏။ မိမိ၏စိတ်ကူးနန်းတော်ကလည်း ဖရိုဖရဲပြိုကွဲပျက်စီး၍ သွားလေတော့သတည်း။ ။

၁၉၃၂ ခုနှစ်၊ မေ၊ ဂန္ထလောက။

## မော်လမြိုင်ခရိုင်၌ အားကစားသင်တန်းဖွင့်ပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၅**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အေရိုးဗစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုအောင်တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းအား ပြီးဆုံးသည်အထိ ကြိုးစားသင်ယူသွားကြရန် ရှင်းလင်းပြောကြားပြီး သင်တန်းသူများအား အေရိုးဗစ်လေ့ကျင့်ခန်း စတင်သင်ကြားပေးသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၁၅ ရက်အထိ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



## အာဆင်နယ်တောင်ပံကစားသမား ဘူကာယိုဆာကာ စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်နေပြီဖြစ်



အင်္ဂလန် တောင်ပံကစားသမား ဘူကာယိုဆာကာဟာ ပရီမီယာလိဂ် အမှတ်ပေးဇယားကို ထိပ်ဆုံးက ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

**ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိ**

လက်ရှိအချိန်မှာ အာဆင်နယ်အသင်းနဲ့ ဘူကာယိုဆာကာတို့အကြား ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိပြီး စာချုပ်သစ်ချုပ်ဆိုရေးနဲ့စပ်လျဉ်းပြီး သဘောတူညီမှုရရှိဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ တောင်ပံကစားသမား ဘူကာယိုဆာကာဟာ အာဆင်နယ်အသင်းရဲ့ အဓိကအရေးပါတဲ့ ကစားသမားတွေထဲက တစ်ဦးဖြစ်ပြီး အာဆင်နယ်အသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၂၃ ပွဲပါဝင်ကစားပြီးချိန်မှာ သွင်းဂိုး ကိုးဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ရှစ်ကြိမ်အထိ ပြုလုပ်ထားပြီးဖြစ်တယ်လို့ သိရပါတယ်။

တောင်ပံကစားသမား ဘူကာယိုဆာကာရဲ့ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၄ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလက အာဆင်နယ်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းက ဘူကာယိုဆာကာကို စာချုပ်သစ်ချုပ်ဆိုခဲ့မယ်ဆိုရင် ၂၀၂၈ ခုနှစ်အထိ ချုပ်ဆိုဖို့ရှိနေပြီး တစ်နှစ်ပေါင် ၁၀ သန်းရရှိမှာဖြစ်တယ်လို့လည်း သိရပါတယ်။ အာဆင်နယ်အသင်းက ဘရာဇီးကြယ်ပွင့် မာတီနယ်လီကို ဖေဖော်ဝါရီလအတွင်းက ကာလရှည်စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါတယ်။

ငွေကြယ်

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၂၃ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (ယနေ့) နံနက် ၈ နာရီမှစ၍ သုဝဏ္ဏဘောလုံးကွင်းအတွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

**၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်**

ယခုရာသီ ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို အသင်းစုစုပေါင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနှင့် ကြာသပတေးနေ့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ လိဂ်-၁ ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ MIU အသင်းအပါအဝင် VUC အသင်း၊ MFF ယူ-၁၈ အသင်း၊ Winner Soccer အသင်း၊ Dream Team FC၊ AMM Brothers အသင်း၊ Futsal Chit Thu အသင်း၊ AKG အသင်း၊ Futsal 19 အသင်းနှင့် Generations အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်(၁)အဖြစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် Generations အသင်းနှင့် AMM Brothers အသင်း၊ VUC အသင်းနှင့် Dream Team FC၊ MFF ယူ-၁၈ အသင်းနှင့် Winner Soccer အသင်း၊ လက်ရှိချန်ပီယံ MIU အသင်းနှင့် AKG အသင်း၊ Futsal 19 အသင်းနှင့် Futsal Chit Thu အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂၆ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၂၀ ရက်မှ မေ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုရာသီမှ စတင်ကာ ဖူဆယ်လိဂ်ကို တန်းတက်၊ တန်းဆင်းစနစ်ကျင့်သုံးနိုင်ရန်အတွက် လိဂ်-၂ ပြိုင်ပွဲကို စတင်ကျင်းပမည်ဖြစ်ပြီး မတ် ၁ ရက်တွင် အသင်းရှစ်သင်းဖြင့် စတင်ကျင်းပမည်ဖြစ်သည်။

ကိုညီလေး

## အနုပညာ

### The Glory အပိုင်းသစ်အတွက် ထပ်မံထုတ်ဖော်ပြသတဲ့ ဓာတ်ပုံများကြောင့် ပရိသတ်များ သိလိုစိတ်ပိုမိုပြင်းပြ

တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ The Glory ရဲ့ နောက်ထပ်ထုတ်လွှင့်မယ့် အပိုင်းသစ်တွေအတွက် လတ်တလောမှာ ဓာတ်ပုံတွေဖော်ပြခဲ့ပါတယ်။ အဆိုပါဓာတ်ပုံတွေကြောင့် ဇာတ်လမ်းတွဲ ပရိသတ်တွေအနေနဲ့ ဇာတ်လမ်းတွဲသစ်အပေါ်သိလိုစိတ် ပိုမိုဖြစ်ပေါ်လာရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၇ ရက်မှာ ဓာတ်ပုံသစ်တွေ ထုတ်ဖော်ပြသခဲ့တာပါ။ အဆိုပါ ဓာတ်ပုံတွေမှာ အဓိကဇာတ်ကောင်တွေရဲ့ ခံစားချက်တွေ ပြည့်ဝနေတဲ့ပုံရိပ်တွေကို တွေ့မြင်ရပါတယ်။ ဒီလိုဓာတ်ပုံတွေ ထုတ်ဖော်ပြသခဲ့တာကြောင့် မကြာမီထုတ်လွှင့်ပေးမယ့် အပိုင်းသစ်တွေမှာ ဆက်လက်တွေ့မြင်ရမယ့် အကြောင်းအရာတွေကို ပရိသတ်တွေ အမျိုးမျိုးထင်ကြေးပေးကြသလို သိလိုစိတ်တွေလည်း ပိုမိုပြင်းပြခဲ့ရပါတယ်။

The Glory ဇာတ်လမ်းတွဲဟာ မင်းသမီး ဆောင်းဟေကို ခေါင်းဆောင်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပြီး ထုတ်လွှင့်ခဲ့ချိန်မှာ ကြည့်ရှုသူများပြားခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုအဖြစ် အောင်မြင်ခဲ့ပါတယ်။ ယင်းဇာတ်လမ်းတွဲရဲ့ ကျန်ရှိနေတဲ့ အပိုင်းတွေကို လာမယ့် မတ် ၁၀ ရက်မှာ စတင်ထုတ်လွှင့်မှာဖြစ်တာကြောင့် လတ်တလောမှာ အပိုင်းသစ်တွေအတွက် အကြိုထုတ်လွှင့်မှုတွေ ဆက်တိုက်ဆိုသလို ပေါ်ထွက်နေတာလည်း ဖြစ်ပါတယ်။





### The Lord of the Rings ရုပ်ရှင်သစ် ဖန်တီးလျက်ရှိ

အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ The Lord of the Rings ရုပ်ရှင်တွေရဲ့ နောက်ထပ်ရုပ်ရှင်သစ်ကို ဖန်တီးနေကြောင်း အဆိုပါ ရုပ်ရှင်ကို ထုတ်လုပ်တဲ့ ဝင်နာဘရိုစ်က လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ရုပ်ရှင်ထုတ်လုပ်ရေးက ဖေဖော်ဝါရီ ၂၃ ရက်မှာ ထုတ်ပြန်ချက်အရ The Lord of the Rings ရုပ်ရှင်သစ်တွေအတွက် Middle-earth လုပ်ငန်းနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ရာ သဘောတူညီခဲ့ပြီးဖြစ်ကြောင်း သိရပါတယ်။

The Lord of the Rings ဇာတ်လမ်းတွဲရုပ်ရှင်တွေကို ၂၀၀၁ ခုနှစ်က စတင်ပြသခဲ့ပြီး လက်ရှိအချိန်အထိ အော်စကာဆု ၁၇ ဆု ရရှိခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

### ကြည့်ရှုသူ သန်း ၅၀၀ ပြည့်မြောက်တဲ့ BTS ရဲ့ ၁၆ ခုမြောက် တေးဗီဒီယို Life Goes On

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Life Goes On ရဲ့ ဗီဒီယိုဟာ ယူကျုကနေတစ်ဆင့် ကြည့်ရှုသူ သန်း ၅၀၀ လတ်တလောမှာ ပြည့်မြောက်ခဲ့ပါပြီ။ ဒါကြောင့် အဖွဲ့အတွက် ကြည့်ရှုသူ သန်း ၅၀၀ ကျော်လွန်ရရှိခဲ့တဲ့ ၁၆ ခုမြောက် တေးသီချင်းတစ်ပုဒ်ဖြစ်လာခဲ့ပါပြီ။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါ တေးဗီဒီယိုဟာ ဖေဖော်ဝါရီ ၂၅ ရက်မှာ ယူကျုကနေတစ်ဆင့် ကြည့်ရှုသူ သန်း ၅၀၀ ပြည့်မြောက်ခဲ့တာပါ။ အဆိုပါ တေးသီချင်းဟာ ကိုရီးယားဘာသာနဲ့ ထုတ်လွှင့်ခဲ့တဲ့ အဖွဲ့ရဲ့ငါးခုမြောက် တေးအယ်လ်ဘမ် BE မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အေးပြည့် - စုစည်းသည်


**နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း**

ဦးခင်စိုး[၁၂/တမန(နိုင်)၀၈၄၂၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ဦးခင်စိုး(ဘ) ဦးအာဘုလ်ခါလာမ်[၁၂/တမန(နိုင်)၀၈၄၂၂၁]နှင့် ဒေါ်တင်မျိုးမျိုးနိုင်(ဘ)ဦးဖိုးနီ[၉/မကန(နိုင်)၀၆၃၂၈၉]တို့သည် လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှု မရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်နိုင်သောကြောင့် (၇-၁-၂၀၂၃) ရက်နေ့တွင် နှစ်ဦးသဘောတူလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဒေါ်တင်မျိုးမျိုးနိုင်နှင့်ပတ်သက်၍ ငွေကြေးအရှုပ်အရှင်းများကိုလည်း လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)**
**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်-၉၁၊ (အလျား x အနံ)ပေ(၄၀x၆၀)ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်-၈၉နှင့်ကပ်လျက်ရှိသော (အလျားxအနံ) ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်-၉၁(ခ)ဟုခေါ်တွင်သောမြေမှာ ဦးစောခင်မောင်(MHG-၀၈၅၃၉၉)အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်ရွှေ[၁၂/အစန(နိုင်)၁၁၉၃၇၁]မှ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ အဆိုပါမြေနှင့် အဆောက်အဦကို အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီဝင်း(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၈၀)**
**ရုံးအမှတ်(၈၃/၁၁)၊ ဒု-ထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၇၆၄၆၊ ၀၉-၇၈၅၄၁၇၆၄၆**

**ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း**

